# ခြားနားသောမျိုးစေ့

ဖုန်းနက်စ်၊ အရီဇိုးနား၊ အမေရိကန်။

၆၅-၀၁၁၈

1 ၁။ ယနေ့ညကျွန်တော်သည်ကျမ်းပိုဒ်တိုလေးသို့မဟုတ် ဖတ်စရာအ တိုအထွာကလေး ရွေးချယ်ထားပါသည်။ ကိုယ်တော်ရှင်အလိုတော်ရှိပါက ထိုကျမ်းချက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ကိုဖော်ပြရန်ဖြစ်ပါသည်။ (မဿဲ ၁၃း၂၄ မှ ၃၀) အထိဖြစ်ပါသည်။ ၎င်းနောက်အချိန်အနည်းငယ်အတွင်း အခန်းငယ် ၃၆ မှ ၄၀ အထိဖတ်ပြလိုပါသည်။ မဿဲ ၁၃း၂၄ ကို ဖတ်ပြပါမည်။ နှုတ်ကပတ်တော်ကိုသေချာစွာနားထောင်၍ ဖတ်ရှုလေ့လာပါ။ကျွန်ုပ်၏နှုတ်ထွက်စကားမအောင်မြင်ဘဲ ဖြစ်သွားမည်။ သို့သော်လည်းကိုယ်တော်ရှင်၏အလိုတော်မှာ ပျောက်ကွယ်သွားမည်မဟုတ်ပါ။ ‘အခြား သောဥပမာစကား ကိုမိန့်ြ်ွမတ်တော်မူသည်ကား ကောင်းကင်နိုင်ငံတော် သည်ကောင်းသောမျိုးစေ့ကိုလယ်၌ကြဲသောသူနှင့်တူ၏။ လူတို့သည် အိပ်ပျော်သောအခါသူ၏ရန်သူသည်လာ၍ကောင်းသောစပါးနှင့် လက္ခဏာတူ သောမျိုးစေ့ကိုစပါးခင်းထဲ၌ကြဲ၍သွားလေ၏။ အပင်ပေါက်၍ အသီးအနှံ ထွက်သောအခါတောပင်များလည်းထင်ရှားလျှင် ကျွန်တို့သည်အိမ်ရှင်ထံသို့သွား၍ သခင်ကောင်းသောမျိုးစေ့ကို လယ်၌ကြဲတော်မူသည်မဟုတ် လော။ တောပင်တို့သည်အဘယ်ကဖြစ်သနည်းဟုလျှောက်ကြလျှင် အိမ် ရှင်ကဤအမှုကား ရန်သူပြုသောအမှုတည်းဟုဆို၏။ အကျွန်ုပ်တို့သည်သွား၍ တောပင်တို့ကိုရွေးနုတ်စေခြင်းငှာ အလိုတော်ရှိသလောဟု လျှောက် ကြလျှင်အိမ်ရှင်ကထိုသို့ငါအလိုမရှိ။ တောပင်တို့ကိုရွေးနုတ်လျှင် စပါးပင် တို့ကိုရောထွေး၍နုတ်မိမည် စိုးရိမ်စရာအကြောင်းရှိ၏။ စပါးရိတ်စဉ်ကာ လတိုင်အောင်အပင်နှစ်မျိုးတို့သည် အတူကြီးပွားပါလေ စေ။ စပါးရိတ်စဉ် ကာလရောက်လျှင်တောပင်တို့ကို ရှေးဦးစွာရွေးနုတ်၍ မီးရှို့ခြင်းငှာစည်း နှောင်ကြလော့။ စပါးကိုကားကျီ၌စုသိမ်းသွင်းထားကြလော့ဟု ရိတ်သော သူတို့အား ငါစီရင်မည်ဟုအိမ်ရှင်ဆိုသည်ဟုမိန့်တော်မူ၏။’

2 ၂။ ‘တောပင်တို့ကိုရှေးဦးစွာ ရွေးနုတ်၍မီးရှို့ခြင်းငှာစည်းနှောင်ကြလော့။’ ဟုဆိုထားသည်ကို သင်သတိပြုမိပါ သလား? ဤကျမ်းချက်ကိုဖတ် ၍ထူးခြားမှုတခု ကျွန်တော်မှာဖြစ်လာပါသည်။ ဃမေအေူငညေတောင်များပေါ် တွင်ထိုင်နေ စဉ်တညလုံးဆုတောင်းသည့်အခါ ဖြစ်ပေါ်လာသောအဖြစ်အပျက်ပင်ဖြစ်ပါသည်။ ထိုအခါ ကျွန်တော်စဉ်းစားမိသည်မှာ ယနေ့ညကျွန်တော်ပြောရမည့်စကားအတွက် ဘယ်နေရာမှနှုတ်ကပတ်တော်ကို ရနိုင်ပါ မည်နည်းဟူ၍ ဖြစ်ပါသည်။

‘ကျွန်တော်သည်အဘိဓာန်စာအုပ်ကိုယူ၍ ီပျခမနစညေခပ ဆိုသော စကားလုံး၏အဓိပ္ပါယ်ကို ကြည့်လိုက်သောအခါ’ မကောင်းမှုကိုစိုက်ပျိုး ခြင်းသို့မဟုတ်အတိုက်အခံဖြစ်ခြင်းဟု ျနဘျအနမ အဘိဓာန်တွင် ဆိုထား သည်ကို တွေ့ရပါသည်။ ‘မတူညီသောအရာကို ပျိုးထောင်ခြင်း’ သို့မဟုတ် ‘ရှိခဲ့သောအရာနှင့်အတိုက်အခံဖြစ်ခြင်း’ ဟုအဓိပ္ပါယ်ရပါသည်။ ထို့ကြောင့်ယနေ့ညကျမ်းချက်ကို ရွေးချယ်ပြီးနောက်ခေါင်းစဉ်ကို ‘ခြားနားသောမျိုးစေ့’ ဟုခေါ်ဆိုပါသည်။ ကိုယ်တော်ရှင် သည် သူ၏နှုတ်ကပတ်တော်ကိုကျွန်တော်တို့ချဉ်းကပ်သည့်အခါ ကောင်းချီးပေးမည်ဟု ကျွန်တော်ယုံကြည် ပါသည်။

3 ၃။ ကိုယ်တော်ရှင်ကအနက်အဓိပ္ပါယ်ဖွင့်ဆိုသည်ကို ကျွန်တော်တို့ သိပါသည်။ အခန်းငယ် ၃၆ မှ ၄၃ အထိထိုမျိုးစေ့မည်သို့ရင့်ကျက်လာ ကြောင်းတွေ့ရပါမည်။ ဤကျမ်းချက်ကိုဖွင့်၍ ဖတ်ကြည့်ကြပါစို့။

ထို့နောက်မှယေရှုသည်လူအစုအဝေးများကိုလွှတ်၍ အိမ်သို့ဝင် တော်မူပြီးမှ တပည့်တော်တို့သည်ချဉ်းကပ်၍ လယ်ရှိကြဲသောမျိုးစေ့၏ဥပ မာအနက်အဓိပ္ပါယ်ကို အကျွန်ုပ်တို့အားဖော်ပြတော်မူပါဟု လျှောက်ကြ လျှင်ကိုယ်တော်က ကောင်းသောမျိုးစေ့ကိုကြဲသောသူသည်လူသားဖြစ်၏။ လယ်ကား ဤလောကဖြစ်၏။ ကောင်းသောအစေ့ကား နိုင်ငံတော်သားဖြစ်၏။ တောမျိုးစေ့ကား နတ်ဆိုးသားဖြစ်၏။ တောမျိုးစေ့ကိုကြဲသောရန်သူ ကား မာရ်နတ်ဖြစ်၏။စပါးရိတ်သောကာလကား ဤကမ္ဘာကုန်သောကာ လဖြစ်၏။ စပါးရိတ်သောသူကား ကောင်းကင်တမန်ဖြစ်၏။တောပင် တို့ကိုရွေးနုတ်၍မီးရှို့သကဲ့သို့ ဤကမ္ဘာအဆုံး၌ ဖြစ်လတ္တံ့။ လူသားသည်မိမိကောင်းကင်တမန်တို့ကို စေလွှတ်ပြီးလျှင် မှားယွင်းစေသောသူတို့နှင့်မတရားသောအမှုကို ပြုသောသူရှိသမျှတို့ကို နိုင်ငံတော်ထဲကရွေးနုတ်၍ ငြေိုကးခြင်း၊အံသွားခဲကြိတ်ခြင်းရှိရာမီးဖို၌ ချကြလော့။ ထိုအခါ ဖြောင့်မတ်သောသူတို့သည် နေထွန်းလင်းသကဲ့သို့မိမိတို့အဘ၏နိုင်ငံတော်၌ ထွန်းလင်းကြလတ္တံ့။ ကြားစရာနားရှိသောသူမည်သည်ကားကြားပါစေ။

4 ၄။ သခင်ယေရှုကိုယ်တိုင်ပုံဥပမာကိုအနက်ဖွင့်ဆိုမှုပေးခြင်း ဖြစ်ပါသည်။ အနက်ဖွင့်ဆိုခြင်း၏အဓိပ္ပါယ်မှာမည်သို့ဖြစ်ကြောင်း ကျွန်တော်တို့ သိရပါမည်။ မျိုးစေ့ကြဲခြင်းအကြောင်း၊ရိတ်သိမ်းခြင်းအကြောင်းကို သိခွင့်ရ ပြီး ကိုယ်တော်ရှင်ကလည်းအနက်ဖွင့်ဆိုပေးပါသည်။ သခင်ယေရှုသည် သူ၏ခေတ်ကာလက ဤပုံဥပမာကိုပြောဆိုကြောင်းကျွန်တော်ယုံကြည်ပါ သည်။ သို့သော်လည်း ယနေ့ခေတ်ကာလဖြစ်စဉ် နောက်ဆုံးအချိန်ကို ရည်ညွှန်းခြင်းပင်ဖြစ်ပါသည်။ ယနေ့ည ဤကျမ်းပိုဒ်ကလေးမှ အလွန်ပင်ဤ ခေတ်ကာလနှင့်သင့်တော်လှပါသည်။ အကြောင်းမှာ သခင်ယေရှုကခွဲ ခြား၍ ဤနေရာတွင်ပြောကြားထားပါသည်။]]စုသိမ်းခြင်းမှာ ဤကမ္ဘာကြီး ဆုံးသည့်အခါတွင် ဖြစ်မည်။}} ဟုဆိုပါသည်။အဆုံးသည်မည်သည့်အချိန် တွင် ဖြစ်ပါမည်နည်း။ စပါးများရိတ်သိမ်းဆဲချိန် မကောင်းသည့်အရာများကို စုသိမ်း၍မီးရှို့သည့်အချိန်ဖြစ်၍ ထိုအချိန်တွင် ကောင်းကင်နိုင်ငံထဲသို့ဂျုံများကို စုသိမ်းသည့်အချိန်ဖြစ်ပါသည်။ ဤနည်းအတိုင်းပင်ဖြစ်ကြောင်းကျွန်တော်ယုံကြည်ရပါသည်။

အခြားကျမ်းချက်တခုက ကျွန်တော်အားဤနည်းအတိုင်း ယုံ ကြည်ရန်လမ်းညွှန်ပေးပါသည်။ ဤနေရာတွင် ကျွန်တော်ရေးချပေးပါ မည်။(မဿဲ ၂၄း၂၄) အကြောင်းရေးသားထား၍ခြားနားသောမျိုးစေ့အ ကြောင်း ရေးသားထားပါသည်။သခင်ယေရှုက သူတို့နှစ်ဦးသည် အလွန်နီး စပ်ရမည်ဖြစ်ပြီး ရွေးချယ်ထားသောသူများကိုပင်ဖြစ်နိုင်လျှင်လှည့်ဖျား သွားပါမည်။ အနီးစပ်ဆုံး အဓိအကျတူညီမှုရှိပါသည်။

5 ၅။ ဖြောင့်မတ်သောသူနှင့်မဖြောင့်မတ်သောသူနှစ်ဦးစလုံးပေါ်သို့မိုးသက်ရောက်ကြောင်း သမ္မာကျမ်းစာတွင် ဖေါ်ပြထားသည်ကိုတွေ့ရပါသည်။

ကျွန်တော် ပင်တွေကုတွေတို့အကြားပထမဆုံးရောက်ခဲ့ရသည့်အ တွေ့အကြုံကို ကျွန်တော်သတိရပါသည်။ ထိုအခါကကျွန်တော်သည်မီရှာဝါကီ အိန္ဒိယအနားတွင် ရောက်နေခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်ကအလွန် ကြီးမားသော ညီလာခံကြီးတွင်ရောက်ခဲ့ပါသည်။ ဟော(လ်)ခန်းမဆောင် ကြီးမှာဤမျှလောက်ကြီးမား၍ မြောက်ပိုင်းနှင့်တောင်ပိုင်းမှ အားလုံး ရောက်လာကြခြင်းပင်ဖြစ်ပါသည်။ ကွဲပြားရေးအကြောင်းများကြောင့် သူတို့မှာတွေ့ကြုံရခြင်း ဖြစ်ပါသည်။ သူတို့မှာပင်တေကုတွေညီအစ်ကိုများ ၏ကြီးမားသောအစည်အလာကြီး(၂)ခုပင်ဖြစ်ပါသည်။ ယခင်ကသူတို့အကြောင်းကို ကျွန်တော်မကြားဘူးသကဲ့သို့ ဆုံတွေ့ဘူးခြင်းလည်းမရှိခဲ့ပါ။ပထမဆုံးအကြိမ် ကျွန်တော်အခြားသောဘာသာစကား ပြောဆိုခြင်းကိုကြားရသောအချိန်ဖြစ်ပါသည်။ စည်းဝေးပွဲတွင် ထိုစဉ်ကနောက်ဆုံးတန်း တွင်ကျွန်တော်ရှိပါသည်။ သူတို့အကြားတွင် ကျွန်တော်မှာအသင်းသား မဟုတ်ပါ။လူငယ်နှစ်ခြင်းသာသနာပြုကလေးတဦးသာ ဖြစ်ပါသည်။ နောက်တန်းအဝေးဆုံးနေရာတွင်ကျွန်တော်ထိုင်နေခဲ့ပါသည်။ ပထမဆုံး အကြိမ် အခြားသောဘာသာစကား ပြောဆိုခြင်းကိုကြားရခြင်းဖြစ်၍ကျွန် တော်ဘာမှနားမလည်ပါ။ ဘာပြောနေမှန်းလည်းမသိပါ။ ဤသူနှစ်ဦးမှာအဓိကအားဖြင့် အရှေ့တန်းတွင် ထိုင်၍တဦးကအခြားသောဘာသာစကား ပြောပြီးတဦးကအနက်ဖွင့်ဆိုမည်။ ထိုစဉ်က ကျွန်တော် ကျမ်းစာအုပ်ကိုဖွင့်၍အတတ်နိုင်ဆုံးကြိုးစား၍ ကျမ်းစာလေ့လာရပါသည်။ ကျမ်းစာနှင့် ကိုက်ညီကြောင်းတွေ့ရပါသည်။ သမ္မာကျမ်းစာဖေါ်ပြခြင်း အတိအကျ ဖြစ်၍သန့်ရှင်းသောဝိညာဉ်တော်အမှုဆောင်ခြင်းဖြစ်ပါသည်။

6 ၆။ ထိုနေ့နောက်ပိုင်းရက်တရက်တွင်ညဘက်၌ ကျွန်တော်၏စိတ်နှ လုံးမှာ အလွန်ပင်လှုပ်ရှားလျှက် ရှိပါသည်။ပြောင်းဖူးခြံထဲတွင် ကျွန်တော် ညအိပ်ပါသည်။ ပြန်ရန်လမ်းစရိတ်သာရှိပြီး အိပ်ယာရနိုင်ရန်မှုငွေအလုံအလောက်မရှိပါ။ ကျွန်တော့်ထံတွင် ီသညကအချ များသာရှိသည်။ ျူသျူ များလည်း ရှိသည်။(၂)ရက်ကြာပြီးဖြစ်သည်။ နံနက်စာအတွက် စားခြင်းဖြစ်ပါသည်။ သူတို့နှင့်အတူစားသောက်ရန်ဖိတ်ခေါ်ခြင်းခံရသော်လည်း ထည့်ဝင်ရန် ငွေမရှိပါ။ ထိုအချိန်ကကျွန်တော်များစွာ စိတ်ဓါတ်ကျဆင်းနေရပါသည်။ (၁၉၃၃)ခုနှစ်တွင်သွားရန်အလွန်ခက်ခဲနေပါသည်။ ထိုအခါ ကျွန်တော်က ‘မည်သို့နည်း ’ ဟုစဉ်းစားမိပါသည်။ သူတို့နှင့်အတူကျွန်တော် မစား သောက်လိုပါ။ သို့သော်လည်းသူတို့မှာဘာရှိသည်ကို ကျွန်တော်သိလိုပါ သည်။ ကျွန်တော့်မှာမရှိသည့်အရာသူတို့မှာရှိပါသည်။

ထိုနေ့မနက်ကသူတို့ကျွန်တော့်ကိုမေးပါသည်။ ‘သာသနာပြုဆရာများအားလုံးအပေါ်သို့တက်လာကြပြီး မိမိကိုယ်ကို မိတ်ဆက်စကားပြော ပါ။မည်သူမည်ဝါဖြစ်ကြောင်း သင်ဘယ်အရပ်မှာလာကြောင်းပြောပါ။ ’ ဟူ၍ဖြစ်သည်။

ကျွန်တော်ကစ၍ ‘ဝီလျံဘရင်(န်)ဟမ်ဖြစ်ပါသည်။ ’ ဂျက်ဖာဆင် ဗီးလ်မှ ဧဝံဂေလိဆရာဖြစ်ပါတယ်ဟုဆိုပါသည်။ထိုစဉ်က ကျွန်တော်သည် အသက်အငယ်ဆုံး အမှုတော်ဆောင်တဦး ဖြစ်ပါသည်။ နောက်တနေ့တွင်သူတို့က ကျွန်တော့်ကို စကားပြောရန်ပလ္လင်ပေါ်သို့ ဖိတ်ခေါ်ခြင်းခံရပါသည်။ကျွန်တော်ပြောဆိုပြီးနောက်ပိုင်းတွင် အချိန်ကောင်းနှင့်ကြုံရပါ တော့သည်။လူအမျိုးမျိုးနှင့်တွေ့ဆုံခွင့်ရပြီး သူတို့ကသူတို့၏ဘုရားကျောင်း များသို့ကျွန်တော့်ကိုဖိတ်ခေါ်ကြပါသည်။

7 ၇။ ထိုစဉ်ကကျွန်တော်စဉ်းစားမိသည်မှာ ‘အခြားသောဘာသာစကားပြောဆို၍ အနက်ဖွင့်ဆိုသူ(၂)ဦးကို ကျွန်တော်မည်သည့်နေရာတွင် တွေ့ဆုံနိုင်ပါမည်နည်း။ ’ ဟူ၍ဖြစ်သည်။ကျွန်တော်၏စိတ်နှလုံးပူပန်လျှက် ရှိပါသည်။ ကျွန်တော်အလွန်ပင် တွေ့ဆုံလိုပါသည်။ အစတွင်ပြောခဲ့သကဲ့သို့ သင်ရရှိသော လက်ဆောင်ငယ်ကလေးပင် ဖြစ်ပါသည်။ လက်ဆောင်များနှင့်ဖိတ်ခေါ်ခြင်းများမှာ နောင်တရစရာမလိုပါ။ ဘဝတသက်လုံး မွေးစကပင်ရရှိသောအရာဖြစ်၍ဘုရားသခင်ထံမှ လက်ဆောင်များပင်ဖြစ်ပါသည်။ ကျွန်တော်သည် ကလေးဘဝမှပင်စ၍အမြဲတမ်းဖြစ်ခဲ့သည့်အရာ ကိုဘဝတလျှောက်လုံး ပေါင်းသင်းခဲ့သူများ သိကြပါသည်။ထိုအရာကိုရူ ပါရုံဟုခေါ်ကြောင်း ကျွန်တော်မသိခဲ့ပါ။ သို့သော်လည်းကျွန်တော်စဉ်းစားမိသည်မှာ ‘သူတို့စကားပြောနိုင်ပါက ’ ဟူ၍ဖြစ်သည်။ အဆောက်အဦး ထဲတွင်ရှိသောဝိညာဉ်မှာ အမှန်တကယ်ပင် ဘုရားသခင်၏ဝိညာဉ်ကဲ့သို့ ပင်ဖြစ်ပါသည်။

သူတို့ထဲမှတဦးကိုကျွန်တော်စကားပြောရတော့မည်ဖြစ်သည်။ သူ့အားမေးခွန်းအနည်းငယ်မေးကြည့်လိုက်သောအခါ သူသည်စစ်မှန်သောခရစ်ယာန်တဦးဖြစ်ကြောင်း သိရပါတော့သည်။ ဘာမှသံသယဖြစ် စရာမလိုတော့ပါ။သူသည်စစ်မှန် သောယုံကြည်သူတဦး ဖြစ်ပါသည်။ နောက်တဦးနှင့်စကားပြောကြည့်သောအခါသူတော်ကောင်းယောင် ဆောင်သူ တဦးဖြစ်ကြောင်း သိရပါသည်။ ထိုသူ၏ဇနီးသည်မှာ ရွှေရောင်ဆံပင်နှင့်ဖြစ်သည်။ သူ၏ခလေးနှစ်ဦးကိုမူ ဆံပင်နက်ပိုင် ရှင်အမျိုးသမီးနှင့်ရထားသည်။ ကျွန်တော်စဉ်းစားရင်းနှင့် စိတ်ရှုပ်ထွေးသွားရပါတော့ သည်။ ကျွန်တော်သည်သမ္မာကျမ်းစာကို ယုံကြည်သူဖြစ်ပါသည်။ နှုတ်က ပတ်တော်ပင်ဖြစ်ရမည်။ သို့မဟုတ်ပါကမမှန်ကန်ပါ။ ယခုတဦးမှာ ကျွန် တော်သိရသလောက် အစစ်အမှန်ဖြစ်ပြီး နောက်တဦးမှာလုံးဝကောင်း မြတ်ခြင်းမရှိပါ။ ဝိညာဉ်တော်က သူတို့နှစ်ဦး စလုံးအပေါ်သို့ သက်ရောက်ပါသည်။ မည်သို့ဖြစ်နိုင်ပါမည်နည်း ? ကျွန်တော်စိတ်ထဲတွင်ဒွိဟဖြစ်ရပါ သည်။

8 ၈။ နောက်(၁၄)နှစ်ကြာသောအခါဂူထဲတွင်ကျွန်တော်ဆုတောင်းနေ စဉ်အခါ ဖုန်များနှင့်ပြည့်နေသဖြင့် နေ့လည်နေ့ခင်းအပြင်သို့ထွက်ပြီး သစ်တုံးပေါ်တွင်ကျမ်းစာအုပ်ကို တင်ထားစဉ်လေတိုက်၍ဟေဗြဲဩဝါဒစာ အခန်းကြီး (၆)ကိုဖွင့်ထားသကဲ့ သို့ ဖြစ်ရပါသည်။ နောက်ဆုံးသောနေ့ရက် များတွင်သမ္မာတရားမှဖောက်ပြန်ပြီး တဖန်ပြန်လည်နောင်တရ၍ မိမိတို့ အသက် တာကိုအသစ်တဖန်ပြုပြင်ပါက ဘာဖြစ်မည်ကိုဖေါ်ပြထားပါ သည်။ အပြစ်အတွက်ပူဇော်သက္ကာမလိုအပ်တော့ဘဲ ဆူးပင်ပေါင်းပင်များ ကဲ့သို့ဖယ်ရှားခြင်းခံရ၍မီးရှို့ခြင်းခံရပါမည်။ သို့သော်လည်း မိုးရွာချပြီး ရေလောင်းသကဲ့သို့ဖြစ်၍ပြန်လည်ရှင်သန်မည်။ ဆူးပင်ပေါင်းပင်များမှာ

မှုငြင်းပယ်ဖယ်ရှားခြင်းခံရပေမည်။ ဂျုံပင်များကိုမူ စုသိမ်းမည်ဖြစ်ပါ သည်။ လေတိုက်၍ကျမ်းစာရွက်များလွင့်ရခြင်းအကြောင်းကို ကျွန်တော် သိရပါပြီ။ (၃)ကြိမ်တိုင်တိုင်ဖြစ်ပျက်ခဲ့ပါသည်။ထူးဆန်းသည့်အရာဟု ကျွန် တော်စဉ်းစားမိပါသည်။

ကျွန်တော်မတ်တပ်ရပ်လိုက်ပြီးစဉ်းစားမိသည်မှာ ‘ကိုယ်တော်ရှင်ကျွန်တော့်ကိုဘာကြောင့် ဤကျမ်းချက်ကိုဖတ်ရန်အတွက် ဖွင့်ပေးရပါသနည်း? ဆူးပင်ပေါင်းပင်များကိုငြင်းပယ်ဖယ်ရှား၍ နောက်ဆုံး၌မီးရှို့ ဖျက်ဆီးပစ်မည်ဆိုသောကျမ်းချက်ကိုကိုယ်တော်ရှင်ကျွန်တော့်အား ဘာ ကြောင့်ဖွင့်ပေးထားရပါသနည်း?’ ဟူ၍ ဖြစ်ပါသည်။

9 ၉။ ယခုအခါတွင်ဤစစ်မှန်သောရူပါရုံများ အတိုင်းအတာမရှိဘဲ ဝင်ရောက်လာပါသည်။ ၎င်းမှာဘုရားသာဖြစ်ပါသည်။ ကျွန်တော်ကြည့်၍ ကမ္ဘာကြီးမှာကျွန်တော့်ရှေ့တွင်လည်လျှက်ရှိပါသည်။ ခါတ်ပြားကဲ့သို့ ဖြစ်နေပါသည်။ အဖြူရောင်ဝတ်ဆင်ထားသူကို တွေ့ရသည်။ သူသည်လှည့် ပတ်၍ ဂျုံပင်များစိုက်ပျိုးနေသည်။ ၎င်းနောက်ကမ္ဘာကြီး၏ကောက် ကြောင်းအ တိုင်းလှည့်ပတ်သွားလာသည်။ ထိုစဉ်လူတဦးရောက်လာသည်။ကြောက်မက်ဖွယ်ပုံသဏ္ဍာန်ရှိ၍ အနက်ရောင်ဝတ်ဆင် ထားသည်။ သူသည် ဆူးပင်မျိုးစေ့များလိုက်လံကြဲဖြန့်နေသည်ကို တွေ့ရသည်။ သူတို့နှစ်ဦးစလုံး အတူတကွ ရောက်လာ ကြသည်။ သူတို့နှစ်ဦးစလုံးရေငတ်နေကြသည်။ အကြောင်းမှာ မိုးရေလိုအပ်သောကြောင့် ဖြစ်ပါသည်။ တဦးစီမှာလည်း ခေါင်းငုံ့၍ဆုတောင်းနေကြပါသည်။ ‘ကိုယ်တော်ရှင်မိုးရွာသွန်းစေပါ’ ဟူ၍ဖြစ်သည်။ထိုအခါမိုးတိမ်ကြီးများပေါ်ထွက်လာပြီး သူတို့နှစ်ဦးစလုံးအပေါ်သို့မိုးရေကျလာပါတော့သည်။ ဂျုံပင်ကလေးလည်း ထခုန်လိုက်ပြီး ‘ကိုယ်တော်ရှင်ကို ချီးမြှောက်ပါသည်။’ ဟုဆိုသည်။ ဆူးပင်ကလေးကလည်းဘေးနားမှအလားတူ ခုန်ထလာပြီး ‘ကိုယ်တော်ရှင်ကိုချီးမြှောက် ပါသည်။ ချီးမြှောက်ပါသည်။’ ဟုဆိုသည်။

၎င်းနောက်ရူပါရုံမှာအနှောင့်အရှက်ပေးခြင်းခံရပါသည်။ မိုးရေသည်ဖြောင့်မတ်သူနှင့်မဖြောင့်မတ်သူများအပေါ်သို့ ကျရောက်ပါသည်။ အလားတူဝိညာဉ်လည်းစည်းဝေးပွဲတွင်ကျရောက်နိုင်ပြီး လူတိုင်းဝမ်း မြောက်ဝမ်းသာဖြစ်ရပါသည်။ဘုရားတရားမြဲချင်ယောင်ဆောင်သူများ ခရစ်ယာန်များနှင့် အားလုံးပါဝင်ကြပါသည်။အတိအကျမှန်ကန်ပါသည်။ သို့သော် လည်း ၎င်းအရာသည် ဘာဖြစ်ပါသလဲ? သူတို့၏အသီးများအားဖြင့်သူတို့မှာသိခွင့်ရခဲ့ပါသည်။ ဤနည်းတနည်းအားဖြင့် သာသိခွင့်ရပါ သည်။

သင်သဘောပေါက်ပါပြီလား? တခါတရံဂျုံရိုင်း၊ကွေကာအုတ်အရိုင်းများနှင့် မျိုးစေ့ရိုင်းများသည် တခါတရံစစ်မှန်သောအိမ်သုံးမျိုးစေ့များကို အတုယူပြီးရွေးချယ်ထားသူများကိုပင်လှည့်ဖျားနိုင်မည်ဖြစ်ပါသည်။ ကျွန်တော်တို့မှာ အချိန်နှင့်သက် ဆိုင်သောခေတ်ကာလတွင်အသက်ရှင်နေ ထိုင်လျှက်ရှိပါသည်။ ဤအရာများကို ဟောပြောဆွေးနွေးရမည်ဖြစ်ပါသည်။

10 ၁၀။ အခန်းငယ်(၄၁)ကိုသတိပြုပါ။သူတို့နှစ်ဦးစလုံးမှာ အလွန်နီးစပ် မှုရှိပါသည်။ နီးစပ်လွန်းသဖြင့်နောက်ဆုံးသောနေ့ရက်များတွင် ကိုယ်တော် ရှင်ကမပြုလုပ်တော့ပါ။ အသင်းတော်အပေါ်မူတည်၍၎င်းတို့ကိုမခွဲခြား နိုင်ပါ။ မက်သဒစ်၊ နှစ်ခြင်း(သို့မဟုတ်)ပင်တေကုတ္တေများကမခွဲခြားနိုင် ပါ။ ကိုယ်တော်ရှင်က ‘သူ၏ကောင်းကင်တမန်များကိုစေလွှတ်၍ ခွဲခြား သည်’ ဟုဆိုထားပါသည်။ ကောင်းကင်တမန်ကကြွလာတော်မူ၍ခွဲခြားမှု ကို ဖြစ်စေပါသည်။ အမှားနှင့်အမှန်ကြားခွဲခြားမှုဖြစ်ပါသည်။ မည်သူမှ မလုပ်နိုင်သော်လည်း ဘုရားသခင်၏ကောင်းကင်တမန်က ပြုလုပ်နိုင်ပါသည်။ကိုယ်တော်ရှင် က မည်သည့်အရာသည်မှန်၍ မည်သည့်အရာသည် မှားကြောင်းပြောပြနိုင်ပါသည်။ ဘုရားသခင်က သူ၏ကောင်းကင်တမန်များကို နောက်ဆုံးသောအချိန်တွင် စေလွှတ်မည်အကြောင်း ပြောကြားပါသည်။ကောင်းကင်တမန်များမှာ နောက်ဆုံးသော အချိန်၏ ကောင်းကင်တ မန်များဖြစ်၍အတူတကွစုဝေးကြပါမည်။ ကောက်ရိတ်သိမ်းရမည့်အချိန် ရောက်လာပြီဖြစ်ကြောင်းကျွန်တော်တို့သိကြပါသည်။ ကောင်းကင်တမန် မှာ ‘သတင်းပို့ဆောင်သူ’ ဟုအနက်ဖွင့်ဆိုခြင်း ခံရပါမည်။အသင်းတော် (၇)ပါးအတွက် ကောင်းကင်တမန်(၇)ပါးရှိကြောင်း သိရပါသည်။အသင်းတော်ခေတ်ကာလတလျှောက်လုံး ဖြစ်ပါသည်။

စိုက်ပျိုးသူများသည် မည်သူများဖြစ်ကြောင်းသူပြောသည်ကိုသတိပြုပါ။ မျိုးစေ့မှာလည်း မည်သို့ဖြစ်ကြောင်း သိထားပါ။မျိုးစေ့ကြဲသူမှာ ကိုယ်တော်ရှင်ဖြစ်ပါသည်။ ဘုရားသားတော်ဖြစ်ပြီးရှေ့မှသွား၍မျိုးစေ့ကြဲ နှင့်ပါသည်။ ရန်သူသည် သူ့နောက်မှရောက်လာပါသည်။ နတ်ဆိုးဖြစ်သည်။ ခြားနားသောမျိုးစေ့ကို စိုက်ပျိုးပါသည်။ မှန်ကန်သောမျိုးစေ့၏ နောက်မှစိုက်ပျိုးခြင်းဖြစ်ပါသည်။ ခေတ်အဆက်ဆက် ဤသို့ဖြစ်လာခြင်း ပင်ဖြစ်၍ကမ္ဘာလောကကြီးစတင်ခဲ့စဉ်ကပင်ဖြစ်ပါသည်။ အတိအကျပင် ဖြစ်သည်။ အစအဦးမှပင်စတင်ခဲ့ခြင်းဖြစ်ပါသည်။ အလားတူပင် စတင်ခဲ့ ခြင်းဖြစ်ပါသည်။

11 ၁၁။ ကိုယ်တော်ရှင်ကပြောပါသည်။ ‘ဘုရားသခင်၏မျိုးစေ့၊ဘုရားသခင်၏နှုတ်ကပတ်တော်’ ဖြစ်သည်။သခင်ယေရှုကလည်း အချို့နေရာ များတွင် ‘နှုတ်ကပတ်တော်သည်မျိုးစေ့ဖြစ်သည်’ ဟုဆိုထားပါသည်။မျိုးစေ့တိုင်းက ၎င်းနှင့်အမျိုးတူမျိုးစေ့ကို ဖြစ်ပေါ်လာစေပါသည်။ ခရစ် ယာန်တဦး၊ဘုရားသားသမီးများက နိုင်ငံတော်၏သားသမီးများက ဘုရား သားသမီးမျိုးစေ့များဖြစ်ခဲ့ပါကဘုရားသခင်၏နှုတ်ကပတ်တော် ဖြစ်ရပေမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသူတို့အသက်ရှင်နေသော ခေတ်ကာလတွင် ဖော်ပြခြင်းမှာ ထိုခေတ်ကာလ၏ဂတိတော်မျိုးစေ့အတွက်ပင် ဖြစ်ပါသည်။ ဘုရားသခင်က သူ၏နှုတ်ကပတ်တော်မြတ်ကို အစအဦး၌ပေးအပ်ခဲ့ပါသည်။ ခေတ်ကာလတိုင်းတွင် ၎င်း၏မျိုးစေ့၊ ၎င်း၏အချိန် ၎င်း၏ဂတိတော်များရှိခဲ့ပါသည်။

နောဧ၏ခေတ်ကာလရောက်လာသောအခါသူသည်ဘုရားသခင်၏မျိုးစေ့ဖြစ်ပါသည်။ ထိုခေတ်ကာလအတွင်း ဘုရားသခင်၏နှုတ်ကပတ်တော်ပင်ဖြစ်ပါသည်။

မောရှေကြွလာ လာတော်မူသောအခါနောဧ၏သတင်းစကားဖြင့် ကြွလာတော်မမူနိုင်ပါ။ အလုပ်မဖြစ်ပါ။ အကြောင်းမှာ သူသည်ထိုအချိန်က ဘုရားသခင်၏မျိုးစေ့ ဖြစ်သောကြောင့်ပေတည်း။

ခရစ်တော် ကြွလာတော်မူသောအခါနောဇသို့မဟုတ် မောရှေ၏ ခေတ်ကာလဖြင့် မကြွလာနိုင်ပါ။ သူ၏အချိန်ကာလပင်ဖြစ် ပါသည်။ အပျိုကညာအနေနှင့် ပဋိန္ဓေစွဲယူ၍ သားယောကျာ်းကို ဖွားမြင်ပေမည်။ သူ သည်မေရှိယဖြစ်ရပေမည်။

12 ၁၂။ ကျွန်တော်တို့သည်လူသာ၏ခေတ်၊ ဝက်စလီ၏ခေတ်(မက်သဒစ် ခေတ်)နှင့်တောက်လျှောက်ဆင်းလာပြီး ပင်တေကုတ္တေခေတ်သို့တိုင်ရောက် ခဲ့ပါသည်။ ခေတ်ကာလတခုစီတွင် နှုတ်ကပတ်တော်ဂတိပေးအပ်ခြင်းခံရ ပါသည်။ ထိုခေတ်ကာလ၏ပုဂ္ဂိုလ်များမှာ ဂတိထားတော်မူသော နှုတ်က ပတ်တော်ကိုဖေါ်ပြတော်မူ၍ ထိုခေတ်ကာလ၏မျိုးစေ့ဖြစ်ပါသည်။ သခင်ယေရှုပြောဆိုသောစကားအရပင်ဖြစ်ပါသည်။ 'သူတို့သည်နိုင်ငံ တော်၏သားသမီးများ ဖြစ်ကြပါသည်။' မှန်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော် ဖေါ်ပြတော်မူခြင်းအားဖြင့်သူ၏သားသမီးတို့ဆောင်ရွက်ခြင်းမှာ ထိုခေတ်ကာလ၏နိုင်ငံတော်မျိုးစေ့ပင်ဖြစ်ပါသည်။

မကောင်းသောစပါးမျိုးများမှာရန်သူဖြစ်သောစာတန်က မျိုးစေ့ချပေးခြင်း ဖြစ်၍တဦးနှင့်တဦးမညီမညွတ် ဖြစ်စေသောခြားနားသောမျိုးစေ့ဖြစ်ပါသည်။ ဤကြောက်မက်ဘွယ်သောအရာကို ပြုလုပ်ရာတွင် တာဝန်ရှိသူဖြစ်ပါသည်။ စာတန်က အစကတည်းက သူ၏မျိုးစေ့ကိုစိုက်ပျိုးလိုက်ခြင်းဖြစ်သည်။ဘုရားသခင်ကလည်း သူ၏ပထမဦးဆုံးလူသားနှင့် ပတ်သက်၍ ရိတ်သိမ်းခြင်းကိုဤကမ္ဘာမြေပြင်ပေါ်တွင်ပြုလုပ်သည့်အချိန် ဖြစ်ပါသည်။ အာဒံက အမှားအမှန်ခွဲခြားသောအသိပညာ ရှိကြောင်း သိပါသည်။

13 ၁၃။ ဘုရားသခင်ကသူ၏သားသမီးများအား သူ၏နှုတ်ကပတ်တော် ကိုပေး၍ အကာအကွယ်ပြုလုပ်ထားကြောင်းကျွန်တော်တို့သိရပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အပြင် အခြားအကာအကွယ် ကျွန်တော်တို့မှာမရှိပါ။ ၎င်းမှာ ကျွန်တော်တို့၏အကာအကွယ်ဖြစ်ပါသည်။ ဗုံးများ၊အရိပ်အာဝါသများ၊ ပုန်းကွယ်ရာများ၊ အရီဇိုးနား(သို့မဟုတ်)ကာလီဖိုးနီးယားများမရှိပါ။ နှုတ်ကပတ်တော်တည်းဟူသောတခုတည်းသောအကာအ ကွယ်သာ ရှိပါသည်။ နှုတ်ကပတ်တော်သည်လူ့ဇာတိကိုခံယူ၍ ကျွန်တော် တို့အထဲ၌ ကျိန်းဝပ်တော်မူပြီး ထိုသူမှာခရစ်တော်ပင်ဖြစ်ပါသည်။ သူသည် ကျွန်တော်တို့၏တခုတည်းသောအကာအကွယ်ဖြစ်ပါသည်။ကိုယ်တော် ရှင်အထဲ၌ ကျွန်တော်တို့မှာ လုံခြုံစိတ်ချရပါသည်။

အပြစ်မှာစစ်မှန်သောယုံကြည်သူအတွက်ဖြစ်သည်ဟု မယူဆနိုင်ပါ။ သင်သိပါသလား? ဘုရားသခင်အားဖြင့် ဖွားမြင်ခြင်းကိုခံရသောသူသည် အပြစ်မပြုလုပ်ပါ။ အပြစ်လည်း မပြုလုပ်နိုင်ပါ။ အပြစ်ကိုပင်စဉ်းစားနိုင်မည်မဟုတ်ပါ။ ဒါဝိဒ်ကိုယ်တိုင်ဆိုခဲ့သည်မှာ 'အပြစ်အဖြစ်ဘုရားသခင်က မယူဆသောသူအတွက် ကောင်းချီးဖြစ်သည်။' သင်သည် ခရစ်တော်၌တည်လျှင်အပြစ်ပြုလုပ်ရန်ဆန္ဒမရှိတော့ပါ။ တခါသန့်စင်ခြင်းခံရသော ဝတ်ပြုကိုးကွယ်သူမှာအပြစ်ပြုလုပ် ရန်သြတ္တပ္ပစိတ်မရှိတော့ပါ။ သင့်မှာ ဆန္ဒလုံးဝမရှိတော့ပါ။ ကမ္ဘာလောကကြီးအတွက် သင်သည်အပြစ်သားဖြစ် ကောင်း ဖြစ်ပေမည်။ သို့သော်လည်းဘုရားသခင်အတွက် သင်မဟုတ် တော့ပါ။ အကြောင်းမှာ ခရစ်တော်၌ရှိသောကြောင့်ဖြစ်သည်။သင်သည် အပြစ်ကင်းမဲ့သူတဦးအထဲတွင် တည်နေပါက သင်မည်ကဲ့သို့အပြစ်သားဖြစ်နိုင်မည်နည်း? ဘုရားသခင်သာလျှင် သင်မည်သူ့အထဲတွင်ရှိနေကြောင်းတွေ့မြင်ပါမည်။

14 ၁၄။ ယခုဤကောက်ရိတ်သိမ်းချိန်ဖြစ်ပါသည်။အစအဦး၌ဘုရားသ ခင်ကသူ၏မျိုးစေ့ကို မြေကြီးပေါ်မှာ စိုက်ပျိုးသည့်အခါသူ၏သားသမီး၊မိသားစုကို နှလုံးသားများပေးသည့်အခါ ထိုနှုတ်ကပတ်တော်ကို သူတို့၏တ ဦးတည်းသောအကာအကွယ်အဖြစ်စောင့်ရှောက်ထားပါသည်။ ရန်သူဝင် ရောက်လာပြီးအတားအဆီးကိုချိုးဖျက်သည်။ ခြားနားသောမျိုးစေ့ကိုစိုက်ပျိုး၍ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဆန့်ကျင်သောအရာကိုပြု လုပ်ခဲ့သည်။ အစအဦး၌ ခြားနားသောမျိုးစေ့ဖြစ်ခဲ့ပါက ယနေ့ထက်တိုင် ဖြစ်နေပေဦးမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုတစုံတရာပေါင်း ထည့်ပါက ခြားနားခြင်းမျိုးစေ့ဖြစ်ဆဲပင် ဖြစ်ပါသည်။ မည်သည့်အရင်းအ မြစ်မှဖြစ်ပါစေ၊ အဖွဲ့အစည်းမှဖြစ်စေ၊စစ်တပ်မှဖြစ်စေ၊ နိုိုင်ငံရေးမှဖြစ်စေ၊ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ဆန့်ကျင်ပါကခြားနားသောမျိုးစေ့ဖြစ် ပါသည်။

လူတစ်ဦးသည်ရပ်၍ မိမိမှာဇဝံဂေလိတရားကိုဟောပြောသူဖြစ် သည်ဟု ဆိုပြီး 'အံ့ဘွယ်နိမိတ်လက္ခဏာများပြုလုပ်သည့်ကာလကုန်ဆုံးပြီ' ဟုဆိုပါကခြားနားသောမျိုးစေ့ပင် ဖြစ်ပါသည်။ လူတစ်ဦးကလည်း မိမိသည်သာသနာပြု ဆရာ၊အသင်းတော်၏သင်းအုပ်ဆရာဟုဆိုပြီး သခင်ယေရှုသည် (ရုပ်၊ ကိုယ်ခန္ဓာမှလွဲ၍) မနေ့၊ယနေ့နှင့်ထာဝရကာလအတူတူ ပင်ဖြစ်ကြောင်း မယုံကြည်ပါက ခြားနားသောမျိုးစေ့ပင်ဖြစ်ပါသည်။ သူကနိမိတ်လက္ခဏာများနှင့် တမန်တော်ခေတ်ကာလကုန်ဆုံးပြီဟုဆိုပါကခြားနားသောမျိုးစေ့ဖြစ်ပါသည်။ 'အနာရောဂါငြိမ်းစေခြင်းဆိုသည်မှာလည်းမရှိပါ။ ဟုသူတို့ဆိုကြပါက ထိုအရာသည် ခြားနားသောမျိုးစေ့ပင် ဖြစ်ပါသည်။' ကမ္ဘာလောကကြီးမှာ ၎င်းအရာများနှင့်ပြည့်ဝလျှက်ရှိပါ သည်။ ဂျုံပင်များကိုဝါးမြို့ရန်အတွက် ၎င်းအရာများခြုံဖွဲ့၍တက်လာခြင်း ဖြစ်ပါသည်။

15 ၁၅။ ခြားနားသောမျိုးစေ့ကိုပထမဆုံးစိုက်ပျိုးသူမှာ 'နတ်ဆိုး' ပင် ဖြစ်၍ကမ္ဘာဦးကျမ်း အခန်းကြီး(၁)တွင်တွေ့ရပါ သည်။ မဿဲအခန်းကြီး (၁၃)တွင်လည်း သခင်ယေရှုက သူ၏နှုတ်ကပတ်တော်ကိုဆန့်ကျင်သမျှကို ခြားနားသော မျိုးစေ့ဟုသတ် မှတ်ပြီး နတ်ဆိုးဟုခေါ်ဆိုပါသည်။(၁၉၅၆)ခုနှစ်တွင် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဆန့်ကျင်၍ ပင်ကိုယ်အနက်ဖွင့်ဆိုမှုပြုလုပ်သောမည်သည့်အအရာမဆိုခြားနားသော မျိုးစေ့ဖြစ်ပါသည်။ဘုရားရှင်ကချီးမြှောက်မည်မဟုတ်ပါ။ မချီးမြှောက် နိုင်ပါ။ ချေဖျက်၍မရပါ။ ရောယှက်မည်လည်း မဟုတ်ပါ။ မုန်ညှင်းစေ့ကဲ့ သို့ဖြစ်သည်။ ဘာနှင့်မှရောယှက်၍ရနိုင်မည် မဟုတ်ပါ။ မျိုးယှက်၍မရပါ။ စစ်မှန်သောအရာပင်ဖြစ်ရပါသည်။ခြားနားသောမျိုးစေ့၊

16 ၁၆။ ဘုရားသခင်ကဒေင်ဥယျာဉ်ကြီးထဲတွင် သူ၏မျိုးစေ့ကိုသူစိုက် ပျိုးလိုက်စဉ်အခါအာဗေလကိုမွေးဖွားလိုက် ကြောင်းတွေ့ရပါသည်။ စာတန်က အခြားသောမျိုးစေ့ကိုစိုက်ပျိုးလိုက်သောအခါ ကာဣနမွေးဖွား လာသည်ကို တွေ့ရပါသည်။

တဦးကဖြောင့်မတ်သောသူကိုမွေးဖွားၡ်တဦး ကမဖြောင့်မတ်သောသူကို မွေးဖွားလာပါသည်။ ဧဝကခြားနားသောမျိုး စေ့၏စကားကို နားထောင်ပြီးဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဆန့်ကျင်သွားသဖြင့် အပြစ်အလုံးကြီး လိုမ့်ဝင်လာခြင်းဖြစ်သည်။ ဆက်လက်၍လည်းထိုစဉ်ကတဲကယနေ့တိုင်လိုမ့်ဝင်လာဆဲ ဖြစ်ပါသည်။ ကောင်းကင် တမန်များရောက်လာပြီးခွဲခြားပေးသည့်အချိန်မရောက်မချင်း ကျွန်တော် တို့ထုတ်ပယ်ပစ်နိုင် မည်မဟုတ်ပါ။ဘုရားသခင်က ထိုအခါကျမှသာ သူ၏သားသမီးများကို နိုင်ငံတော်သို့ ဝင်စေပြီးမကောင်းသောအရာများကိုမီးရှို့ဖျက်ဆီးပစ်ပါမည်။ ဤစပျစ်နွယ်ပင်နှစ်မျိုးနှစ်စားကို သတိပြု၍ကြည့် ပါ။

ဤဘာသာရပ်နှင့်ပတ်သက်၍ အချိန်ရပါကအဓိကအကြောင်း အရာများကို ဆွေးနွေးနိုင်ပါသည်။ နောက်မိနစ်အနည်းငယ် အတွင်းဖျားနာသူများအတွက် ဆုတောင်းပေးနိုင်ပါသည်။

17 ၁၇။ သူတို့၏မျိုးစေ့များမှာအတူတကွပေါက်လာကြပြီး (မဿဲ ၁၃) တွင်ဖေါ်ပြထားသည့်အတိုင်း ‘သူတို့အတူတကွ ပေါက်ကြပါစေ။’ ဟုဆိုထားပါသည်။ ကာဣနသည် ဩနယ်မြေသို့သွား၍ ဇနီးသည်ရခဲ့ပြီး လက်ထပ် ထိမ်းမြားသည်။ အာဗေလမှာအသတ်ခံရ၍ဘုရားသခင်က အစားထိုး၍ ရှေသကိုပေးအပ်ခဲ့သည်။ မျိုးဆက်များဆက်လက်၍ရှင်သန်ပြီးအမှားနှင့် အမှန်ကြား ကွဲပြားခြားနားခဲ့သည်။ သူတို့အားလုံးစုဝေး၍ ၎င်းတို့အနက်မှတဦးစီသည်တချိန်ပြီးတချိန်တိုးပွား၍ ဘုရားသခင်ဖျက်ဆီးပစ်ရသည့်အချိန်အထိကောက်ကျစ်စဉ်းလဲခဲ့ကြပါသည်။

နောက်ဆုံး သူတို့သည်အတူတကွပေါက်လာကြပြီးခြားနားသော မျိုးစေ့နှင့် ဘုရားသခင်၏ မျိုးစေ့တို့မှာ စစ်မှန်သောသူတို့၏ခေါင်းများ ထောင်လာကြပါသည်။ ယုဒရှကာယုတ်နှင့်ယေရှုခရစ်အားဖြင့် ခေါင်း ထောင်လာခြင်း ဖြစ်ပါသည်။အကြောင်းမှာ သူသည်ဘုရားသခင်၏မျိုးစေ့ ဖြစ်ပါသည်။ သူသည် ဘုရားသခင်ဖန်ဆင်းခြင်း၏အစအဦးဖြစ်ပါသည်။ သူသည် ဘုရားထက်မလျော့နည်းပါ။ ယုဒရှကာယုတ်မှာ ပျက်စီးခြင်း၏သားအဖြစ်မွေးဖွားလာပါသည်။ ငရဲထဲမှလာခြင်းဖြစ်သည်။ ငရဲသို့ပြန်သွား ရပါသည်။ယေရှုခရစ်သည် ဘုရားသားတော်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုဖေါ်ပြခြင်းဖြစ်ပါသည်။ ယုဒရှကာယုတ်သည် သူ၏မျိုး စေ့အားဖြင့်နတ်ဆိုး၏မျိုးစေ့ဖြစ်ပါသည်။ ကမ္ဘာလောကကြီးထဲသို့ရောက် လာပြီး လှည့်ဖျားမှုအတွက်ဖြစ်ပါသည်။ အစအဦးမှာကဲ့သို့ ကာဣနသည် သူ၏အဦးဖခင်ဖြစ်ပါသည်။

18 ၁၈။ ယုဒသည်အသင်းတော်ကိုဆက်လက်ကစားခြင်းပင် ဖြစ်ပါသည်။ သူသည်အမှန်တကယ်ရိုးသားဖြောင့်မတ်သူမဟုတ်ပါ။ အမှန်စင်စစ်ယုံ ကြည်ခြင်းလည်းရှိသူမဟုတ်ပါ။ (သခင်ယေရှုကို သူကသစ္စာဖောက်ခဲ့ပါသည်။)သူသည် ခြားနား ခြင်းမျိုးစေ့ကို စိုက်ပျိုးခဲ့သူဖြစ်ပါသည်။ လောက၊လူသားများနှင့်မိတ်ဆွေဖွဲ့သည်သာမက သခင်ယေရှုနှင့်ပါမိတ်ဆွေဖွဲ့နိုင် မည်ဟုသူကယုံကြည်ခဲ့ပါသည်။ သို့သော်လည်း ဘာမှမလုပ်နိုင်အောင်ပင်သူကအလွန်နောက်ကျသွားပါပြီ။ သေဆုံးရမည့်အချိန်ရောက် လာ သောအခါ ဤမကောင်းသောအရာကိုသူပြုလုပ်ခဲ့သဖြင့် ခွဲခြားသည့်လမ်း ကြောင်းဖြစ်သည့် ရှေ့တိုးရမည်လား၊နောက်ဆုတ်ရမည်လား ဆုသည့်လမ်း ကို ဖြတ်ကျော်ခဲ့ရပါသည်။ သူသွားရသည့်လမ်းမှာလှည့်ဖျားသူအဖြစ် ခံယူ၍သွားရသောလမ်းပင်ဖြစ်ပါသည်။ ခြားနားခြင်းမျိုးစေ့ကိုသူကြဲခဲ့ရ သည်။ ထိုခေတ်ကာလက ကြီးမားသောအဖွဲ့အစည်းကြီးများကို သူကအလိုလိုက်အကြေ်ိုက်ဆောင်ခဲ့ရသည်။ ဖာရိရှဲနှင့်ဇဒ္ဒုကဲများနှင့်ဖြစ်ပါသည်။ ငွေ ကြေးလည်းအနည်းငယ်ရရှိပြီး လူအများကြားတွင်လည်းရေပန်းစားလိမ့် မည်ဟုမိမိကိုယ်မိမိထင်မြင်ယူဆခဲ့သည်။ ထိုခြားနားသောမျိုးစေ့ထဲသို့ လူများစွာတို့ကိုမဆွဲဆောင်စေပါ။ လူများ၏အကြိုက်ကိုဆောင်နိုင်ရန်ကြိုး စားခြင်း ဖြစ်ပါသည်။ ဘုရား၏အလိုတော်ကို ဆောင်ကြပါစို့။ လူ၏အလိုကို မဆောင်ကြပါနှင့်။ သို့သော်လည်းယုဒရှကာယုတ်မှာ ခြားနားသောမျိုးစေ့ များသူ့ထံမှ ထွက်လာသောအခါလူ၏အလိုကိုဆောင်ခဲ့ပါသည်။

19 ၁၉။ သခင်ယေရှုသည်နှုတ်ကပတ်တော်ဖြစ်ကြောင်း ကျွန်တော်တို့သိ ရပါသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းအခန်းကြီး(၁)တွင် ‘အစအဦး၌နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်းဘုရားသခင်ဖြစ်တော်မူ၏။ နှုတ်ကပတ်တော် သည်လည်း လူ့ဇာတိအဖြစ်ကိုခံယူ၍ ... ငါတို့တွင်တည်နေတော်မူသည်။’ နှုတ်ကပတ်တော်သည်မျိုးစေ့ဖြစ်၏။ မျိုးစေ့သည် လူ့ဇာတိဖြစ်၍ ငါတို့၌တည်နေပါသည်။

ယုဒသည်လည်း ရန်သူ၏မျိုးစေ့ဖြစ်၍ခြားနားသောမျိုးစေ့ဖြစ်ပါ က လူ့ဇာတိဖြစ်လာပြီး ကျွန်ုပ်တို့အကြား၌ယုဒရှကာယုတ်တည်းဟူသော ပုဂ္ဂိုလ်အဖြစ် ကျိန်းဝပ်တော်မူပါသည်။ သူ့ထံတွင် စစ်မှန်သောယုံကြည်ခြင်းမရှိပါ။ သူယုံကြည်ခြင်းဟုထင်သောအရာသာ ရှိပါသည်။ ယုံကြည်ခြင်းရှိ သည်ဟုထင်၍ယုံကြည်သကဲ့သို့ ယုံကြည်ယောင်ဆောင်သော ယုံကြည်ခြင်း လည်းရှိပါသည်။

ဘုရားကိုစစ်မှန်သောယုံကြည်ခြင်းဖြင့်သာယုံကြည်ပါမည်။ ဘုရားသခင်သည်လည်း နှုတ်ကပတ်တော်ဖြစ်ပါသည်။ ၎င်းကိုဘာမှ ထပ်ပေါင်းထည့်၍ မရပါ။ သမ္မာကျမ်းစာက ကျွန်တော်တို့နှုတ်ကပတ်တော်တ လုံးကိုပေါင်းထည့်ခြင်း သို့မဟုတ် နုတ်ယူခြင်းပြုလုပ်ပါက အသက်စာ စောင်ထဲမှကျွန်ုပ်တို့၏ကဏ္ဍကိုနှုတ်ယူခြင်းခံရပါမည်။ ဗျာဒိတ် ၂၂ ႏ၁၈ မှာနောက်ဆုံးနိဂုံးချုပ်သောအခန်းကြီး ဖြစ်ပါသည်။

20 ၂၀။ သမ္မာကျမ်းစာ၏ပထမဦးဆုံးစာစောင်ထဲတွင် ဘုရားသခင်က နှုတ်ကပတ်တော်တလုံးကိုမှ မချိုးဖောက်ရန်ဆိုထားပါသည်။ ‘စကားလုံးတိုင်းကိုထိန်းသိမ်းစောင့်ရှောက်ရပါမည်။’ ထိုနှုတ်ကပတ်တော်အတိုင်းအ သက်ရှင်နေထိုင်ရ မည်။ သခင်ယေရှုကသမ္မာကျမ်းစာ၏အလယ်တဝက် ခန့်တွင် သူ့ခေတ်သူ့ကာလရောက်လာသောအခါ ‘လူသည်မုန့် အားဖြင့်သာအသက်မွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက် မွေးရမည်’ ဟုဆိုထားပါသည်။ ဗျာဒိတ်ကျမ်းကိုအဆုံးသတ်ခါနီးကာလ တွင်လည်း ကြိုတင်၍ကျွန်တော်တို့အား အကြင်သူသည် ဤအရာတို့၌ ထပ်၍အသစ်သွင်းခြင်း၊ နှုတ်ပယ်ခြင်းတို့ကို ပြုလုပ်ပါက အသက်စာစောင်မှသူ့အားနုတ်ပယ်မည်ဟု ဆိုထားပါသည်။

ထို့ကြောင့် အရိပ်အယောင်သက်သက်မဟုတ်ဘဲစစ်မှန်သော ရောယှက်မှုမရှိသည့် ဘုရားသခင်၏နှုတ်ကပတ်တော် ပင်ဖြစ်ပါသည်။

လူ၏အလိုအားဖြင့် ဖွားမြင်ခြင်းမဟုတ်သော ဘုရားသားသမီးများဖြစ်ကြ ပါသည်။လက်ဆွဲနှုတ်ဆက်ခြင်း သို့မဟုတ် ရေနှစ်ဗတ္တိဇံခံခြင်းအားဖြင့်မွေး ဖွားခြင်းမဟုတ်ဘဲဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ဖွားမြင်ခြင်းကို ခံရသော သူဖြစ်ပါသည်။သူတို့အားဖြင့် နှုတ်ကပတ်တော်ကလည်း ဖော်ပြ ခြင်းကို မိမိဖာသာဖြစ်စေပါသည်။ထိုအရာသည် စစ်မှန်သော ဘုရားသ ခင်၏မျိုးစေ့ဖြစ်ပါသည်။

21 ၂၁။ ရန်သူကဘုရားကျောင်းထဲရောက်လာပြီး ယုံကြည်ခြင်းသို့မဟုတ် တခုခုတွင် အလွန်အမင်းခံယူချက်ပြင်းထန် လာပါသည်။ ၎င်းသည် ခြားနားသော မျိုးစေ့ပင်ဖြစ်ပါသည်။စစ်မှန်သောသမ္မာတရားတည်းဟူသော ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုနှောင့်ယှက်သောမည်သည့်အရာမဆို ခြားနားသောမျိုးစေ့ပင် ဖြစ်ပါသည်။

ကျွန်တော်တို့မည်သို့သိနိုင်ပါသနည်း။? 'သင်အနက်ဖွင့်ဆိုပိုင်ခွင့်ရှိပါသည်ဟု သင်ပြောနိုင်ပါသလား?' မပြောနိုင်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အနက်ဖွင့်ဆိုပိုင်ခွင့်ဘယ်သူ့ထံမှမရှိပါ။ ကိုယ်တော်ရှင် သာလျှင် ကိုယ်တော်ရှင်၏မူပိုင်အနက်ဖွင့်ဆိုပိုင်ခွင့်ရှိသူဖြစ်သည်။ ကိုယ် တော်ရှင်ဂတိပေးတော်မူ၍ဂတိတော်အတိုင်း အနက်ဖွင့်ဆိုတော်မူပါသည်။ ဂတိတော်အတိုင်းတည်၍အနက်ဖွင့်တော်မူပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဆန့်ကျင်သည့်အရာသည်ခြားနားသော မျိုးစေ့ ဖြစ်ပါသည်။ အတိအကျပင် မှန်ကန်ပါသည်။

ကျွန်တော်ဆိုခဲ့သည့်အတိုင်းယုဒမှာစစ်မှန်သောယုံကြည်ခြင်းမရှိ် ပါ။ သူ့ထံတွင် ဟန်ဆောင်ယုံကြည်ခြင်းသာရှိပါသည်။သူ့ထံတွင်ရှိသော ယုံကြည်ခြင်းမှာ သူသည်ဘုရားသားတော်ကို ယုံကြည်သည်ဟု သူထင်ပါ သည်။သို့သော်လည်း သူသည်ဘုရားသားတော်ကို သူမသိပါ။ သူတကယ် ယုံကြည်သူမဟုတ်သေးပါ။ဘုရားသခင်၏နှုတ်ကပတ်တော်ကို အပေးအ ယူလုပ်၍ သမ္မာတရားအဖြစ်ပြုလုပ်ပြီးသူ့ထံတွင်ဟန်ဆောင်ယုံကြည်ခြင်း ရှိပါသည်။ စစ်မှန်သော ဘုရားသခင်၏အစေခံမှာထိုနှုတ်ကပတ်တော်ကို ဆွဲကိုင်ထားမည်ဖြစ်ပါသည်။

22 ၂၂။ လွန်ခဲ့သောညအနည်းငယ်ခန့်ကအရီဇိုးနားမှသာသနာပြုတဦး က ဤမြို့တွင်ထင်ရှားကျော်ကြားသူဖြစ်သည်။ကျွန်တော်ထံသို့လာ၍ဆို သည့်စကားမှာ 'ကျွန်တော်သင်တို့ကိုတစုံတရာအခွင့်အရေး သင်တို့ရ လျှင် ပေးလိုပါသည်။' ကျွန်တော်က 'ဤအရာသည် အကောင်းဆုံးအခွင့် အရေးဖြစ်ပါသည်သည်ဟု ကျွန်တော်သိရပါသည်။ လာခဲ့ပါ။'

၎င်းနောက် သူရောက်လာ၍သူက 'မစ္စတာဘရမ်ဟမ် ခင်ဗျားဟာရိုးသားဖြောင့်မတ်တယ်ဆိုတာ ကျွန်တော်ယုံကြည်ပါ တယ်။ ဒါပေမဲ့ ခင်ဗျားဟာကမ္ဘာလောကကြီးကိုတမန်တော်တို့ရဲ့ဩဝါဒနဲ့ သွန်သင်ပေးနေ ခြင်း ဖြစ်ပါတယ်။ တမန်တော်ခေတ်ဆိုတာ တမန်တော်တွေနဲ့အတူ ဆိတ်သုန်းသွားပြီဖြစ်ပါတယ်' ဟုဆိုသည်။

ကျွန်တော်ခင်ဗျားကိုကျွန်တော်ပထမဆုံးအချက်အနေနဲ့ မေးချင် တဲ့အရာကတော့ဘုရားသခင်နှုတ်ကပတ်တော်မြတ်ရဲ့ စကားလုံးတိုင်းဝိ ညာဉ်တော်တန်ခိုးပါကြောင်းယုံပါသလား?ဟုမေးမိသည်။

'တမန်တော်ခေတ်ဆိတ်သုန်းသွားပြီဟုနှုတ်ကပတ်တော်က ဖော်ပြထားသည့်နေရာကိုပြပါ။ ခင်ဗျားပြနိုင်ပါက ကျွန်တော်ယုံကြည်ပါမယ်' ဟု ကျွန်တော်ပြောသည်။ တမန်တော်ခေတ်ရေးသားသူနိုင်ငံတော်၏သော့ များကို ကိုင်ထားသူက ပင်တေကုတ္တေနေ့က တမန်တော်ခေတ်ကိုမိတ်ဆက်စတင်ခဲ့ပြီး ဤသို့ဆိုခဲ့ပါသည်။ ကယ်တင်ခြင်းရရှိင်ရန်အတွက် ကျွန်တော်ဘာလုပ်ရမည်နည်း။? သူကလည်း 'သင်တို့၏အပြစ်ကိုလွတ်စေခြင်းငှာနောင်တရ၍ တယောက်မျှမကြွင်း ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင်သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးကို ခံရကြလိမ့် မည်။ အကြောင်းမူကားဂတိတော်သည်သင်တို့နှင့်၎င်း၊ သင်တို့ ၏သားသမီးတို့နှင့်၎င်း ဝေးသောသူတို့တွင်ငါတို့၏ ဘုရားသခင်ထာဝရဘုရား ခေါ်တော်မူသမျှသော သူတို့နှင့်၎င်း ဆိုင်သည်ဟုဟော၏။' နှုတ်ကပတ်တော်သည် မိမိကိုယ်ကိုမည်သို့ဆန့်ကျင်မည်နည်း။?

ထိုသူကဆိုသည်။ 'ယနေ့ည ကျွန်တော်အရမ်းအအေးမိနေတယ်။'

ကျွန်တော် 'ကျွန်တော်လည်း ထင်မိပါတယ်။'

ယခုသင်ကျွန်တော့်ကိုပြောပြပါ။ဘုရားသခင်ခေါ်နေဆဲဖြစ်ပါသ လား?ဘုရားသခင်က ခေါ်နေဆဲဖြစ်ပါက တမန်တော် ခေတ်က ရှိနေဆဲ ဖြစ်ပါသည်။အမှန်တကယ်ပင်ဖြစ်ပါသည်။ ဘုရားသခင်ရွေးချယ်သ လောက်၊ ဘုရားသခင်ခေါ်နိုင် သလောက်တမန်တော်ခေတ်ဖြစ်နေဆဲဖြစ်နေပါမည်။ အကြောင်းမှာ သခင်ယေရှုသည် မနေ့၊ယနေ့နှင့်ထာဝရအတူ တူပင်ဖြစ်ပါသည်။

23 ၂၃။ ယနေ့ကျွန်တော်တို့တွေ့ရသည်မှာ ဤခြားနားသောမျိုးစေ့ကို ခေတ်အဆက်ဆက်နေရာတိုင်းတွင်ကြဲဖြန့်ခြင်း ခံရပါမည်။ နောက်ထပ် (၁၀)မိနစ်၊ (၁၅)မိနစ်ခန့်အချိန်ရပါက ကျွန်တော်ဆက်၍ရှင်းပြလိုပါ သည်။ ခေတ်အဆက်ဆက် ကျွန်တော်တို့မှာအများစုကသမ္မာကျမ်းစာကို ဖတ်ရှုလေ့လာကြပါသည်။ သခင်ယေရှုယခြွကလာတော်မူသောအခါ ခြားနားသောမျိုးစေ့ကိုတွေ့ပါက ကိုယ်တော်ရှင်သည် ဖော်ပြခြင်းခံရသောနှုတ် ကပတ်တော်ပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် နှုတ်ကပတ်တော်မြတ်ကို ဘုရားသခင်ကအနက်ဖွင့်ဆိုခြင်းပင်ဖြစ်ပါသည်။ အကြောင်းမှာ သူဆို ထားသည့်အတိုင်းနှုတ်ကပတ်တော်မြတ်ကို ရှာဖွေပါက ထာဝရအသက်ကို တွေ့ရမည်ဟု သင်ထင်ပါသည်။ထိုနှုတ်ကပတ်တော်က ငါ့အားသက်သေပြ ခြင်းဖြစ်ပါသည်ဟု ကိုယ်တော်ကဆိုသည်။ ကိုယ်တော်ရှင်သည်နှုတ်က ပတ်တော်မြတ်ကို အနက်ဖွင့် ဆိုခြင်းပင်ဖြစ်ပါသည်။ ဒုတိယမွေးခြင်းခံယူပြီးသူသားသမီးတိုင်း ဤခေတ်ကာလတွင် နှုတ်ကပတ်တော်၏ အနက်ဖွင့်ဆို ခြင်းပင်ဖြစ်ပါသည်။သင်တို့သည် ရေးသားထားပြီးသော ဩဝါဒစာများ ဖြစ်ကြပြီး အားလုံးကသင်တို့ကိုဖတ်ရှုလေ့လာ ပါမည်။ ဟုတ်ပါသည်။

ကိုယ်တော်ရှင်မိန့်တော်မူသည်ကိုသတိပြု၍ဆင်ခြင်ပါ။ 'သူတို့ငါ့အား အချည်းနှီးကိုးကွယ်ကြသည်။ ခြားနားသောမျိုးစေ့ ဩဝါဒကို

သွန်သင်ပေးသည်။လူ၏ဩဝါဒ၊ လူ၏ယုံကြည်ချက်များကို ဘုရားသခင်၏နှုတ် ကပတ်တော်မြတ်အဖြစ် သွန်သင်ပေးသည်။ ဘုရားသခင်၏နှုတ်ကပတ် တော်မြတ်နှင့် တကယ်တမ်းဘာမှမဆိုင်ပါ။'

24 ၂၄။ ခေတ်တခုစီကသီးနှံတခုစီကိုထုတ်လုပ်ပါသည်။ ခေတ်ကာလတိုင်းတွင် ဆောင်ရွက်ခဲ့ပါသည်။ကျွန်တော်တို့ခေတ် ကလည်း ဘာမှအကြောင်းပြန်၍မရပါ။ အလားတူအရာမျိုးကျွန်တော်တို့တွင်ရှိပါသည်။ အခြားသောခေတ်ကာလများ အားလုံးထက်စာလျှင် ပို၍ကြီးမားသောတာဝန်ရှိပါသည်။ အကြောင်းမှာ ကမ္ဘာ့သမိုင်း အဆုံးသတ်မည့်ကာလဖြစ် သောကြောင့်ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ကြီးမားသော အခြားသောမျိုးစေ့ပင် ဖြစ်ပါသည်။ယနေ့ကမ္ဘာပေါ်တွင် သက်ရောက်လျှက်ရှိပါသည်။ အခြားခေတ်ကာလများတွင်ခြားနားသောမျိုးစေ့မှာ စစ်မှန်သောအသက် ရှင်သည့်ဘုရားထံမှ ကျွန်တော်တို့ကိုတွန်းဖယ်လျှက်ရှိပါသည်။ ရုပ်တုများရှိ ရာသို့ဆွဲနေခြင်း ဖြစ်ပါသည်။ ယနေ့ သခင်ယေရှု မဿဲ၂၄း၂၄ တွင်ဖော်ပြခဲ့သည့်အတိုင်း အချိန်အလွန်နီးကပ်လျှက်ရှိပြီဖြစ်၍ ဖြစ်နိုင်လျှင်ရွေးချယ်ထားသူများကိုပင် လှည့်ဖျားသွားနိ်ုင်ပါသည်။ ခြားနားသောမျိုးစေ့အ ကြောင်းပြောပါ။ အလွန်ပင်ကောက်ကျစ်စဉ်းလဲရာ ကျပါသည်။ စာတန် သည် လူအများကြားတွင် ရောက်နေပါပြီ။သီဩ်ာသ်ာလော်ဂျီပညာရှင် ဒေါက် တာဘွဲ့ရဓမ္မပညာရှင် စသည်တို့သည်လည်းနှုတ်ကပတ်တော်ကိုကောင်းမွန်စွာ သွန်သင်ပေးနိုင်ပါသည်။ သခင်ယေရှုကလည်းထိုသို့ပင်ပြောဆိုခဲ့ပါ သည်။ ထိုသူကိုကြည့်ပါ။ တနေရာတွင် ရှိနေပါမည်။ ဟုတ်ပါသည်။ထိုကဲ့ သို့ရှိရခြင်းမှာ ဘုရားသခင်ပြောဆိုခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

25 ၂၅။ ဘာလုပ်သည်ကိုကြည့်ပါ။နောဧလေက်ထက်နေ့ရက်များတွင်လည်း ခြားနားသောမျိုးစေ့ကြောင့် ဘုရားသခင်အမျက် တော်သက်ရောက်ရပါသည်။ ဘုရားသခင်က သူ၏ပရောဖက်များကိုစေလွှတ်၍ မီးတောက် မီးလျှံကျပြီးဟောပြောသော အခါ လူအများနောင်တရကြပါသည်။ ခြားနား သောမျိုးစေ့လည်း နစ်မြုပ်သွားရသည်။ထိုအခါ စာတန်ဘာလုပ်ပါသ နည်း?ဟာမနောက်ကွယ်မှ လိုက်ပါလာ၍ထပ်မံပြီး မျိုးစေ့ကြဲပြန်ပါသည်။ အတိအကျအမှန်အကန်ပင်ဖြစ်ပါသည်။

ငင်းနောက် မောရှေတည်းဟူသောပရောဖက်ကြီးြ့ကလာတော် မူသောအခါ ဣသရေလအမျိုးသားများကို တောထဲမှရွေးနှုတ်ရန်ဖြစ်လာပါသည်။ ဘာဖြစ်ပါသနည်း?မောရှေတည်းဟူသော ပရောဖက်ကြီးသည် သူတို့အားလုံးဝတိကျမှန်ကန်သောသမ္မာတရားကိုဆောင်ယူပေး၍သမ္မာ တရားကိုပြသခဲ့ပါသည်။သူသည်ဘုရားသခင်နှင့်ဆုံတွေ့ခဲ့ရပါသည်။ ဘုရား သခင်က သူနှင့်ဆုံတွေ့ခဲ့ကြောင်းသက်သေပြပါသည်။ ထိုသူများမှာ မည်ကဲ့ သို့ပြုလုပ်ပါသနည်း? ယဇ်ပရောဟိတ်များမှာ သူတို့၏ဘာသာရေးများ၊ အစဉ်အလာများ၊ လုပ်ပိုင်ခွင့်များနှင့်အားလုံးရှိပါသည်။သို့သော်လည်း မောရှေမှာထိုနေရာတွင်ရပ်နေလျှက် နှုတ်ကပတ်တော်ကိုအနက်ဖွင့်ဆို ခြင်း အထောက်အထားဖြစ်တည်နေပါသည်။ ထိုအရာကို မမေ့ပါနှင့်µ မောရှေမှာ သူ၏ဂတိတော်အတွက်ဘုရားသခင်၏အနက်ဖွင့်ဆိုခြင်းပင် ဖြစ်ပါသည်။ သူကဆောင်ရွက်မည်ဟု ဆိုထားပါသည်။ သူသည်ဘုရား သခင်၏အနက်ဖွင့်ဆိုခြင်းပင်ဖြစ်ပါသည်။

26 ၂၆။ ဘာဖြစ်လာပါသနည်း? အသင်းတော်သည် အီဂျစ်နိုင်ငံပြင်ပတွင်စတင်၍မိမိခြေထောက်ပေါ်တွင် ရပ်တည်ခဲ့ပါ သည်။ ဘာဖြစ်ပါသနည်း? စာတန်က သူ၏မျိုးစေ့နှင့်အတူဒုတိယကာဣနဖြစ်သော ဘာလမ်တည်း ဟူသော ပုဂ္ဂိုလ်အားဖြင့် သူ၏ခြားနားသောမျိုးစေ့ကိုသူတို့အကြား၌ စိုက် ပျိုးခဲ့ပါသည်။ မှန်ကန်ကြောင်း ကျွန်တော်တို့သိပါသည်။ဘာလမ်၏သွန် သင်မှုဖြစ်သည့် 'ကျွန်တော်တို့အားလုံးမှာအတူတူပင်ဖြစ်ပါသည်။ အလားတူ ဘုရားကိုသာကျွန်တော်တို့ အစေခံကြသည်။' ဟုဆိုထားပါသည်။ အခြေခံအားဖြင့်သူကမှန်ကန်ပါသည်။ အကြောင်းမှာ ဘုရားသခင်ပူဇော်သော ပူဇော်သက္ကာကိုသူကပူဇော်ခြင်းဖြစ်ပါသည်။ နွား(၇)ကောင်၊ ကျွဲ(၇) ကောင်ကို ယဇ်ပလ္လင်(၇)ခုပေါ်တွင်ပူဇော်၍ ဆုတောင်းကြခြင်းမှာ တော ထဲ၌ မောရှေပြုလုပ်သကဲ့သို့ပင် ဖြစ်ပါသည်။ အတိအကျပင်တူညီပါသည်။ သို့သော်လည်း တကယ်တမ်းမတူညီကြပါ။ နောင်ဖြစ်လာမည့်အရာကို ကြိုတင်ဖော်ပြခြင်း ဖြစ်ပါသည်။ ကာဣနသည် ဘာလမ်တည်းဟူသောပုဂ္ဂိုလ် အားဖြင့်ဖော်ပြခြင်းခံရပါသည်။ ဘုရားသခင်ကလည်း မောရှေတည်းဟူ သောပုဂ္ဂိုလ်အားဖြင့်မိမိကိုယ်ကိုဖော်ပြ၍ သူ၏နှုတ်ကပတ် တော်များကို အနက်ဖွင့်ဆိုခြင်းပင်ဖြစ်ပါသည်။ လူသားအားဖြင့် မိမိကိုယ်ကိုသိစေခြင်းဖြစ်ပါသည်။ လူသားအားဖြင့် သူ၏ ဂတိတော်ဖြစ်သည်။ ခြားနားသောမျိုး စေ့မှာမြင့်တင်ခြင်းခံရပါသည်။

ယုဒ၏အချိန်ကာလကဲ့သို့ သူသည်ခြားနားသောမျိုးစေ့ဖြင့်ဝင် ရောက်လာပါသည်။

27 ၂၇။ လူတို့၏ယုံကြည်ခြင်းတခုဖြစ်သည့် 'ကျွန်တော်တို့အားလုံးမှာအတူတူပင်ဖြစ်ပါသည်။ တူညီသောဘုရားတပါး တည်းကို ကိုးကွယ်ကြသည်။ အသင်းတော်တခုတည်းကိုယုံကြည်ကြသည်။ တူညီမှုရှိသောသူများလည်း ဖြစ်သင့်သည်။' ဟုယူဆခြင်းမှာအပြစ်ပင်ဖြစ်ပါသည်။ ထိုအပြစ်မှာ ဣသရေလအတွက် ခွင့်မလွှတ်နိုင်သောအပြစ်ပင်ဖြစ်ပါသည်။ သခင်ယေရှု ကိုယ်တိ်ုင်ပြောဆိုသည်မှာ 'သူတို့အားလုံးအသေပင် ဖြစ်ကြသည်။' ဟူ၍ ဖြစ်ပါသည်။

သူတို့အားလုံးပျက်စီးခြင်းသို့ရောက်သွားကြပါသည်။သို့သော်လည်း သူတို့(၃)ယောက်သာကျန်ပါသည်။ ထိုသူတို့မှာ ဂတိတော်မြတ်ကိုယုံကြည်၍စွဲကိုင်သောသူများ ဖြစ်ကြပါသည်။ စိတ်အားနည်းသူများက 'ကျွန်တော်တို့နယ်မြေကိုမသိမ်းပိ်ုက်နိုင်ပါ။ ကျွန်တော်တို့အတွက် အလွန်ကြီးမား သောအရာပင်ဖြစ်ပါသည်။' စသည်ဖြင့် ပြောဆိုကြပါသည်။ ယောရှုနှင့်ကာလက်တို့က လူများကို ငြိမ်သက်သွားစေပါသည်။ 'ကျွန်တော်တို့မှာလိုအပ်သည်ထက်ပို၍ တတ်နိုင်ပါသည်။ အကြောင်းမှာ ဘုရားသခင်ကကျွန်တော်တို့အားဂတိပေးထားသောကြောင့် ဖြစ်ပါသည်။ ဆန့်ကျင်သည့် အရာမှာဘာဖြစ်ကြောင်း ကျွန်တော်တို့ဂရုမစိုက်ပါ။' ဟုဆိုကြသည်။

ကျွန်တော်တို့မှာ တရားဟောနိုင်ကြပါသည်။ဘုရားသခင်၏အ နာရောဂါငြိမ်းစေခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံဖြစ်သည်။ ဘုရားသခင်၏တန်ခိုးတော်ရှိလျှက် လောကအရာများနှင့်ကျွနုပ်တို့ကိုခွဲခြားထားနိုင်သည်။ ဘုရားသခင်က ပြောထားခြင်းဖြစ်ပါသည်။

တမန်တော် တို့၏ခေတ်ကာလမှာအားနည်းသွားခြင်းမရှိသေးပါ။ မည့်သည့်အခါမှ လည်း ပျောက်ကွယ်သွားမည်မဟုတ်ပါ။ ဆက်လက်၍ဖြစ်ပေါ်သွားမည်သာဖြစ်ပါသည်။

ကျွန်တော်တို့က ခြားနားသောမျိုးစေ့ကိုစိုက်ပျိုးသောသူကိုတွေ့ မြင်ရဆဲဖြစ်ပါသည်။ ထိုအပြစ်မှာ ဘယ်သောအခါမှလွတ်ခြင်းခံရမည်မဟုတ်။ ညီအစ်ကိုတို့ ထိုအရာမှာဘယ်သောအခါမှခွင့်လွတ်ခြင်းမခံရပါက ယခုအခါတွင်မည်သို့ဖြစ်မည်နည်း? စစ်မှန်သောခေတ်ကာလအမျိုးမျိုး ၏ မျိုးစေ့များအတူတကွ စုဝေးရောက်လာကြသည့်အချိန်တွင် မည်သို့ဖြစ်မည်နည်း?

28 ၂၈။ ဘာလမ်ပြုလုပ်သောဤကြီးမြတ်သည့်အရာကို သတိပြုထားပါ။ ဆက်လက်၍ဆက်လက်၍ဖြစ်နေပြီးနောက်ဆုံး တွင် ယုဒရှကာယုတ်နှင့်သခင်ယေရှုကြလာတော်မူခြင်းအားဖြင့် အဆုံးသတ်ပါသည်။ ၎င်းအရာမှာ ဘာဖြစ်ပါသနည်း။? ယုဒနှင့်ယေရှုမှာကာဣနနှင့်အာဗေလ၏ပုံသဏ္ဌာန် အတိအကျပင်ဖြစ်ပါသည်။ ယုဒသည်ဘာသာရေးကိုင်ရှိုင်းသကဲ့သို့ ကာ ဣနသည်လည်း ဘာသာရေးကိုင်းရှိုင်းသောသူ ဖြစ်သည်။ကာဣနကယဇ် ပလ္လင်ကိုတည်ဆောက်၍ ယဇ်ပူဇော်ပြီး ဘုရားသခင်ကိုကိုးကွယ်ပါသည်။ အခြားတဦးကဲ့သို့ပင် သူလည်းစိတ်စေတနာအလွန်ထက်သန်သောသူဖြစ် ပါသည်။ သို့သော်လည်း နှုတ်ကပတ်တော်က မည်သို့ဗျာဒိတ်ဖေါ်ပြထားတော်မူကြောင်း သူမရရှိပါ။ အာဒံနှင့်ဧဝက ပန်းသီးအချို့(သို့) အသီးအနှံအချို့ကိုစားသုံးသည်ဟု သူထင်မြင်ယူဆပါသည်။ အာဗေလနှင့်ကာဣန မှာ ဗျာဒိတ်တော်အားဖြင့်၎င်းအရာမှာ မှားယွင်းကြောင်းသိကြပါသည်။ အသွေးတော်က သူတို့အားရွေးနုတ်တော်မူပါသည်။ ကိုယ်တော်ရှင်ကလည်း သိုးသူငယ်ကိုပူဇော်ပါသည်။ ဘုရားသခင်ကလည်း သူ၏ပူဇော်သက္ကာမှာ မှန်ကန်ကြောင်းသက်သေခံတော်မူပါသည်။ ၎င်းနောက် သူသည်မနာလို ဖြစ်လျှက် သူ၏ညီအားသတ်ရန်ကြိုးစားပါသည်။သူ၏ညီအား သူပူဇော် သော ယဇ်ပလ္လင်ပေါ်တွင်ပင်တင်၍ သူကသတ်ဖြတ်လိုက်ပါသည်။ သိုးသူငယ်မှာလည်း ယဇ်ပလ္လင်ပေါ်တွင် အသေခံရသကဲ့သို့ ယုဒရှကာယုတ်က လည်းသခင်ယေရှုကိုဘုရားသခင်၏ပလ္လင်ပေါ်တွင် အပ်နှံခဲ့ပါသည်။ အာဗေလကိုကာဣနသတ်သကဲ့သို့သတ်ဖြတ်ခဲ့ပါသည်။ ကာဣနမှာလည်း ခြားနားသောမျိုးစေ့ပင်ဖြစ်သောကြောင့် ပေတည်း။

ဘာလမ်မှာ ငွားထားသောပရောဖက်ဖြစ်ပါသည်။သူများထက် ပိုသိသောသူပင်ဖြစ်ပါသည်။ ဘုရားသခင်က နိမိတ်လက္ခဏာများအားဖြင့်သူ့ကိုသတိပေးခြင်းဖြစ်ပါသည်။ မြည်းကလေးကပင် မသိနားမလည်သော စကားဖြင့်စကားပြောဆိုခြင်းရှိသည်။ သူသည်လည်း အလားတူပင်ဆက် လက်၍ပြုလုပ်ဆောင်ရွက်ပါသည်။သူမွေးဖွားလာခြင်းမှာ ခြားနားသော မျိုးစေ့ကို စိုက်ပျိုးရန်ဖွားမြင်လာခြင်းပင်ဖြစ်ပါသည်။

29 ၂၉။ သခင်ယေရှုကဤခေတ်ကာလကိုအကြီးမားဆုံး ခြားနားခြင်းမျိုး စေ့ဖြင့် အဆုံးသတ်ရန် ကြိုတင်နိမိတ်ဖတ်ထားခဲ့ပါက မပူမအေး နွေးထွေး သောလောဒိကိအသင်းတော်ကာလကိုပင် ဆိုလိုခြင်းဖြစ်ပါသည်။ကိုယ်တော်ရှင်အား အသင်းတော်ပြင်ပတွင် ထုတ်ထားခြင်းဖြစ်၍ ၎င်းအရာမှာခြားနားခြင်းမျိုးစေ့ပင် ဖြစ်ပါသည်။ အမှန်တကယ်ပင် ထိုခေတ်ကာလ၌ အဆုံးသတ်ခဲ့ပါသည်။ကာဣနနှင့်အာဗေလ ထပ်မံ၍ကားတိုင်ပေါ်တွင် ရောက်နေခြင်းပင်ဖြစ်ပါသည်။

သခင်ယေရှုကောင်းကင်ဘုံသို့ တက်ကြွလာတော်မူသောအခါသန့်ရှင်းသောဝိညာဉ်တော်ကို ပြန်လည်၍ပို့ဆောင်တော်မူပါသည်။ ၎င်းအရာမှာမျိုးစေ့ပင်ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို အသက်ပေးခြင်းဖြစ်ပါ သည်။ ယမန်နေ့ညကကျွန်တော်ပြောခဲ့ သည့်အတိုင်း ကိုယ်တော်ရှင်သည် နှုတ်ကပတ်တော်ကိုအသက်ဝင်စေသောအရှင်ဖြစ်ပါသည်။ စစ်မှန်သော သန့်ရှင်းသော ဝိညာဉ်တော်ကနှုတ်ကပတ်တော်ကို အသက် ဝင်စေခြင်းဖြစ် ပါသည်။ ယုံကြည်ချက်ကိုအသက်ရှင်စေခြင်းမဟုတ်ပါ။ မလုပ်နိုင်ပါ။ ယုံကြည်ချက်နှင့်ပတ်သက်၍ ဘာမှမဟုတ်ပါ။ ဘုရားသခင်နှုတ်ကပတ် တော်၏ အသက်တာပင်ဖြစ်ပါသည်။ အကြောင်းမှာ ဘုရားဖြစ်သော ကြောင့်ဖြစ်ပါသည်။ ကိုယ်ခန္ဓာကို သက်ဝင်လှုပ်ရှားစေခြင်း ဖြစ်ပါသည်။

30 ၃၀။ သူတို့ပြုလုပ်ခဲ့သည်တို့ကိုယခုအခါသတိပြုကြည့်ပါ။ သမ္မာကျမ်း စာဆိုခဲ့သကဲ့သို့ ယောဟန်ကသူ၏သားသမီးများအားပြောခဲ့ပါသည်။ ‘ကလေးများသင်တို့သည်အန္တိခရစ်အကြောင်း ကြား၍ဤလောကသို့ ကြွလာ တော်မူမည့်သူ ဖြစ်ပါသည်။’ ဤလောကတွင် ရှိနှင့်ပြီးဖြစ်၍နာခံမှုမရှိ သော ကလေးသူငယ်များအကြားတွင် လုပ်ကိုင်လျှက်ရှိကြပါသည်။ ‘သန့်ရှင်းသောဝိညာဉ်တော်ကြွလာတော်မူပြီးနောက် နှစ်ပေါင်း(၃၀)ကြာပြီဖြစ် ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကြွလာတော်မူသောအခါ စစ်မှန်သော မျိုးစေ့၊ စစ်မှန်သောမျိုးစေ့ကိုအသက်ပေးအပ်သူသာမကခြားနားသော မျိုးစေ့လည်း ကြွလာတော်မူပါသည်။ ဆက်လက်၍ရှင်သန်ဖွံ့ဖြိုးလာပါ တော့သည်။

စစ်မှန်သောမျိုးစေ့ကိုဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ရှေးပရောဖက်များက ဘုရားသခင်၏နှုတ်ကပတ်တော်မြတ်ကိုဖော်ပြခဲ့ပါသည်။ သမ္မာတရား အဖြစ် ဖေါ်ပြခဲ့ခြင်းပင်ဖြစ်ပါသည်။ နိစိန်ကောင်စီအကြို- နိစိန်ကောင်စီ အသွေးလွှမ်းသောနိုင်ငံရေး ရက်ပေါင်း(၁၅)ရက်၊ ရောမတို့အသင်းတော်ထဲမှဂိုဏ်းဂဏတခုဖေါ်ထုတ်ရန် ဆန္ဒရှိခဲ့သည့်အခါ ပရောဖက်များရောက် လာပါသည်။သိုးသားရေကို ဝတ်ဆင်လျှက်၊ သစ်ဥသစ်ဖုများကိုစားလျှက် နှုတ်ကပတ်တော်အတွက်ရပ်တည်ခဲ့ကြပါသည်။ သို့သော်လည်း ၎င်းသည် ဘာလုပ်ပါသနည်း? ကာဣနကဲ့သို့ဖြစ်ရပါမည်။ အာဗေလကဲ့သို့ ဖြစ်ရပါ မည်။ တဦးမှာ သေဆုံးရပါမည်။ အမှန်တကယ်ပင်ဖြစ်ပါသည်။ နှုတ်က ပတ်တော်မှာ လူများအပေါ်၎င်း၏ဩဇာလွှမ်းမိုးမှုပျောက်ဆုံးခဲ့ရပါသည်။ သူတို့အားလုံးက စစ်မှန်သောနှုတ်ကပတ်တော်ကို ဖယ်ရှား၍ခြားနားသောမျိုးစေ့ဩဝါဒကို ကနဦးကက်သလစ်အသင်းတော်ထဲသို့ သွတ်သွင်းလိုက်ပါသည်။ သူတို့ကပုပ်ကိုပေါင်းထည့်လိုက်သည်။ ဘီးရှော့ပေါင်း ထည့်သည်။ ဤအရာ၊ ထိုအရာ၊ အခြားအရာစသည်တို့ပေါင်းစပ်ကြသည်။ ပေတရု၊ မာရိနှင့်အခြားသူများအကြောင်း စစ်မှန်သောအစီပွါယ်ကို သူတို့ကယူ ဆောင်ထားလိုက်သည်။ ရုပ်တုများပြုလုပ်ပြီးခရစ်ယာန်အမည်ခံသော ဘာသာကြီးတခုထဲမှ တပါးအမျိုးသားတို့၏ဝတ်ပြုကိုးကွယ်မှုကိုဆောင် ရွက်ခဲ့ပါသည်။ ၎င်းအရာသည်ဘာဖြစ်ပါသနည်း? ခြားနားသောမျိုးစေ့ပင်ဖြစ်ပါသည်။ မြေကြီးပေါ်တွင် ပထမဆုံးအကြိမ်ဖွဲ့စည်းခြင်းပင် ဖြစ်ပါသည်။ဘုရားကျောင်း (အသင်းတော်)

အဖြစ်ဖွဲ့စည်းခြင်းဖြစ်သည်။ ထိုခြား နားသောမျိုးစေ့ကိုစတင်၍စိုက်ပျိုးခြင်းဖြစ်သည်။ ဆောင်ယူသွားရန်တစုံ တခုကိုပေါင်းထည့်ခြင်းပင်ဖြစ်ပါသည်။

31 ၃၁။ သမ္မာကျမ်းစာထဲတွင်သောကြာနေ့တွင် အစားမစားရဟုဖော် ပြထားကြောင်း ကြားဘူးကြပါသလား ? ဗတ္တိဇံပေးခြင်း၊ ရေနှစ်ခြင်းအစားရေဖြန်းသည်ဟု သမ္မာကျမ်းစာထဲတွင် ဖေါ်ပြထားခြင်းကို ကြားဘူးပါသ လား ? ]] ံငေ့ူ ြမေပ }} (သို့မဟုတ်)တစုံတခုကို စသည်တို့ကြားဘူးပါသလား ?ပရိုတက်စတင့်များ၏ ပုပ်တွေ့နေသောအရာများကိုလည်း မည်သူကြား နိုင်ပါမည်နည်း ? ရေနွေးအိုးက ခရားအိုးကိုအဆီပြန်သည်ဟုပြော၍မရ ပါ။ အနည်းဆုံးထဲမှ အပြစ်ရှိသူသည် အားလုံးတွင်အပြစ်ရှိသူဖြစ်သွားပေမည်။ အဖွဲ့အစည်းတခုတွင် ဘုရားသခင်က လှုပ်ရှားတော်မူကြောင်းမည်သူကြားသိရပါသနည်း ? အဖွဲ့အစည်းဖွဲ့စည်းပြီးအသက်ရှင်သန်ခြင်းရှိ သည်ကို တွေ့ရကြောင်း ကျွန်တော့်ကိုပြပါ။သူတို့ချက်ချင်းသေဆုံးပြီး ရှင် ပြန်ထမြောက်ခြင်းမရှိတော့ပါ။ တစုံတခုဖြစ်လာရန်အချိန်ရောက်ပါပြီ။ ဘုရားသခင်လှုပ်ရှားရန် အချိန်ရောက်လာပါပြီ။ လူများအကြား ဩဇာသက်ရောက်မှုကို သင်ကဖျက်ဆီးပစ်လိုက်ပါပြီ။

ယနေ့အလားတူ အဖြစ်အပျက်များဖြစ်ပျက်ခဲ့ပါသည်။ သူတို့က ဩဇာသက်ရောက်မှုကို ဖျက်ဆီးပစ်ပါသည်။ ‘ၸင်းတို့အုပ်စုမှာ သန့်ရှင်းသောကခုန်သူများ ဖြစ်ပါသည်။ သူတို့ဘာမှ အသုံးမဝင်ပါ’ ဟုဆိုကြသည်။ ခြားနားသောမျိုးစေ့ပင် ဖြစ်ပါသည်။နှုတ်ကပတ်တော်ကို မျက်နှာ ချင်းဆိုင် ရင်ဆိုင်ပြီးၸင်းအရာဘာဖြစ်သည်ကို ကြည့်ပါ။ဘုရားသခင် ကိုယ်တိုင် မိမိ၏နှုတ်ကပတ်တော်ကို အနက်ဖွင့်ဆိုခြင်း ဟုတ်မဟုတ်ကြည့်ပါ။ဤကျောက်တုံးများမှ အာဗြဟံအတွက် သားသမီးများကို ဘုရားသခင် က မွေးထုတ်ပေးနိုင်ပါသည်။အာမင်။

32 ၃၂။ ကနဦးခရစ်ယာန်များကနှုတ်ကပတ်တော်ကို အပြန်ပြန်အလှန် ဖွင့်ပြခဲ့ပြီး ဖြစ်ပါသည်။ ဘုရားသခင်က အရာခပ်သိမ်းမှ ၸင်းတို့အား မည်သို့ ကယ်တင်ခဲ့ကြောင်း ရောဂါများ၊ သူတို့၏ပရောဖက်များ၊အခြားသော ဘာသာစကားပြော ဆိုခြင်းများ၊ အနက်ဖွင့်ဆိုခြင်း၊ အချိန်တိုင်းတွင်သမ္မာတရားအတိအကျဖြစ်ကြောင်း သက်သေပြသည့် အချက်အလက် များပင် ဖြစ်ပါသည်။ထိုဖော်ပြခဲ့ပြီးသော နှုတ်ကပတ်တော်၏ မျက်မှောက်တွင် လူအများကၸင်းကိုအမှတ်ပေးခဲ့ပါသည်။ ထိုအရာမှာ အဖွဲ့အစည်းများ အားလုံး၏မိခင်ပင် ဖြစ်ပါသည်။ ဂိုဏ်းဂဏတစ်ခုကို အမှတ်ပေးခဲ့ပါသည်။

ယခုအခါတွင် ၸင်းတို့နှစ်ဦးစလုံးမှာပြည့်ပြည့်ဝဝပင် ရင့်ကျက် လာပြီ ဖြစ်ပါသည်။ သူတို့တဖန် စတင်၍စိုက်ပျိုးကြပြန်ပါသည်။ ရှင်သန်မှု မရှိသော်လည်း လူသာ၏ခေတ်ကာလတွင် တဖန်ပြန်လည်၍ ရှင်သန်လာပြန်ပါသည်။ မနက်စာစားသည့် မနက်ကသတင်းစကားမှ ကျွန်တော်တို့ သိခဲ့ရသည့်အတိုင်းပင်ဖြစ်ပါသည်။ လူသာ၏နေ့ရက်က ပေါ်ထွက်လာ ခြင်း ပင်ဖြစ်ပါသည်။ ယခုအခါသူတို့ဘာလုပ်ကြပါသနည်း ? ထိုကြီးမြတ်သောပုဂ္ဂိုလ်ကြီး သေဆုံးသွားသည် နှင့် တပြိုင်တည်းသူတို့က အဖွဲ့အစည်းဖွဲ့စည်းပါတော့သည်။

ၸင်းသည်ဆက်လက်၍ ကြီးထွားလာပါသည်။ဂျွန်ဝပ်စလီ ၏ နေ့ရက်များတွင်လည်း အင်္ဂလီကန်များက ထာဝရလုံခြုံမှုများ တည်ဆောက်ကြပြီး အရာခပ်သိမ်းမှာလည်း ယူနီဗာဆလျမ်း ဖြစ်၍နောက်ထပ် ဘာဖြစ်ပါသနည်း ? ဘုရားသခင်က ဂျွန်ဝပ်စလီ အမည်ရှိသောသူကိုပေါ် ထွက်လာစေ၍ အားလုံးကိုဖျက်ဆီးပစ်လိုက်ပါသည်။ သူသေဆုံးသွားသည် နှင့်တပြိုင်တည်းအပ်စ်ဘူရီ နှင့်တကွဘာဖြစ်ပါသနည်း ?သူတို့က ဖွဲ့စည်းပြီး ယခုအခါတွင် သင်သည်မက်သဒစ်မျိုးစုံကို ရရှိနေပါသည်။ၸင်းနောက် တယောက်ပြီးတယောက် အလက်ဇန်းဒါးကမ်ဘဲလ် ဂျွန်စမစ် စသည်ဖြင့် တဦး ပြီးတဦးပေါ်ထွက်လာကြပါသည်။

33 ၃၃။ နောက်ဆုံးတွင်ပင်တေကုတ္တေကပေါ်ထွက်လာပါတော့သည်။ ၸင်းတို့အားလုံး၏နောက်မှ ထွက်ပေါ်လာခြင်းပင်ဖြစ်ပါသည်။ ၸင်းနောက် ဘာဖြစ်လာပါသနည်း ?သူတို့ကောင်းမွန်စွာ သွားလာနိုင်ပါသည်။ သင့်ကို ဘာက အဟန့်အတားဖြစ်နေပါသနည်း။ ? သင်ထွက်ပေါ်လာသော ရွှံ့နွံထဲ သို့သင်ပြန်သွားရပါသည်။ အလားတူ တောင်စောင်းမှပြန်လည် ထွက်ပေါ် လာခြင်းဖြစ်ပြီးခြားနားသောမျိုးစေ့ဖြစ်၍ အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း ဖြစ်သည်။ နှုတ်ကပတ်တော်ကိုအပေးအယူပြုလုပ်ခြင်း ဖြစ်ပါသည်။ ဘုရားသခင်က အသစ်အဆန်းတခုကို ပေးပို့လိုက်တိုင်းသင်လက်ခံနိုင်မည် မဟုတ်ပါ။ မှန်ပါသည်။ ခြားနားသောမျိုးစေ့ပင် တဖန်ပြန်ဖြစ်လာပြန်ပါပြီ။ တနေ့က ကျွန်တော် ပြောခဲ့သည်ကို သတိပြုပါ။ဤအမြစ်မှ ထွက်လာသော အရာကလေးသည် အရွက်မှတဆင့်တက်လာပြီး တပ်စဲလ် ပန်းများပေါ်သို့တက်သွား၍ အဖူးထဲသို့ရောက်ပြီး ထွက်လာသည်။ ထိုဂျုံနှံကလေးသည် ဂျုံစေ့ကလေးကဲ့သို့ပင်ဖြစ်ပါသည်။ ကျွန်တော်တို့က ဂျုံစေ့ဟုထင်ကြသော် လည်း ဖွင့်ကြည့်လိုက်သောအခါအထဲမှာဘာမှမတွေ့ရပါ။ ဂျုံစေ့ကိုပံ့ပိုးပေး သော အညွှန့်ကလေးပင် ဖြစ်သည်။ြွကေကျသွားပြီး ၸင်းထဲမှအသက်သည် ဂျုံ စေ့ထဲရောက်သွားပါသည်။ သတိပြုရမည်မှာသူတို့ကစိုက်ပျိုးထားသော အသင်းတော်များဟု ခေါ်ပါသည်။ ”””””””””

34 ၃၄။ ယနေ့ကျွန်တော်တို့တွေ့ရသည်မှာအသင်းတော်ဟုအမည်ခံသော အသင်းတော်များ၊ ကျွန်တော်တို့၏ပင်တေကုတ္တေ အသင်းတော်များအထိကျွန်တော်တို့ထွက်သွားကြပြီး မကြေနပ်နိုင်ကြပါ။ ကျွန်တော်တို့ဖာသာအုပ်စုဖွဲ့ရပါသည်။ အရာခပ်သိမ်းတက်လာပါသည်။ ကျွန်တော်တို့ ဤအရာကို ရရှိရပါမည်။ ဤအရာကိုကျွန်တော်တို့ရရှိရပါမည်။ အခြားအုပ်စုတခု ကျွန်တော်တို့မှာ ရှိရပါမည်။ ဤသူမှာထွက်ပေါ်လာရပါသည်။ ‘ကိုယ်တော်ရှင်သည်တိမ်ဖြူကြီးစီး၍ ကြွလာတော်မူပါမည်’ ဟုဆိုသည်။ နောက်တဦးက လည်းဆိုပါသေးသည်။ ‘ကိုယ်တော်ရှင်သည်မြင်းဖြူစီး၍ကြွလာတော်မူပါ မည်။’ ဟုဆိုပါသည်။ ‘အုပ်စုနှစ်စုဖွဲ့နိုင်ပါမည်။’ ဘာဖြစ်မည်ကိုကြည့်ပါ။ ခြားနားသောမျိုးစေ့ကိုစိုက်ပျိုးခြင်းပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင္ြကလာ တော်မူသောအခါ ဘာဘဲဖြစ်ဖြစ်ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်မြတ်ကို ကိုယ်တော်တိုင် အနက်ဖွင့်ဆိုပါမည်။ ‘ထိုအချိန်ရောက်သည်အထိစောင့် မျှော်ကြပါစို့။’ ထိုအရာပြောဆိုခြင်းကိုဖမ်းထားပါ။ ထိုနေ့အတွက် သတင်း စကားကို သင်ရလိမ့်မည် မဟုတ်ပေ။ဘုရားသခင်ဘာလုပ်မည်ကို အမြဲ တမ်းညွှန်ပြထားပါသည်။ ကိုယ်တော်ရှင်သည် ဘာလုပ်ခဲ့သည်။ကိုယ်တော် ရှင် ဘာလုပ်နေသည်ကို ဂရုမစိုက်ဘဲနေပါ။ ထိုနည်းအားဖြင့် ကျွန်တော်တို့သည် ခြားနားသောမျိုးစေ့များကို ၸင်းအထဲ၌ရရှိခြင်းဖြစ်ပါသည်။

35 ၃၅။ ယနေ့ကျွန်တော်တို့အသင်းတော်များအားလုံး လေများစိုက်ပျိုးကြပြီးလေပွေကိုရိတ်သိမ်းကြပါသည်။ ဆုတောင်းစည်းဝေးများ မရှိကြပါ။ ပြုလုပ်နေကျဝတ်ပြုစည်းဝေးများလည်း မပြုလုပ်နိုင်ကြပါ။ ဘာဖြစ်နေ ကြပါသနည်း? ပင်တေကုတ္တေအသင်းတော်များ၌ပင်လျှင်ဆံပင်တိုနှင့်အ မျိုးသမီးများဖြင့် ပြည့်လျှက်ရှိပါသည်။ ခွင့်မပြုသင့်သည့်အရာများဖြစ်ပါ သည်။ မျက်နှာဆေးဆိုးပန်းရိုက်လုပ်ခြင်း၊ လက်သည်းဆိုးဆေးများဆိုးခြင်း၊အမျိုးမျိုးပြုလုပ်ပြီး ယောကျာ်းကလေးများ ချိန်းချက်ခြင်း၊ နှစ်ကြိမ်သုံးကြိမ်လက်ထပ်ထိမ်းမြားခြင်းနှင့် သင်းထောက်များစသည်တို့မှာ ခြားနားသော မျိုးစေ့များပင်ဖြစ်ပါသည်။ ညစ်ညူးသောအရာပင်ဖြစ်ပါသည်။ သူတို့မည် ကဲ့သို့ ပြုလုပ်ပါသနည်း? ဘုရားသခင်က သူ၏အသင်းတော်တွင် ထိုသို့သော အရာမျိုးကိုမရှိစေချင်ပါ။ အဖွဲ့အစည်းသို့သွား၍ ထိုအဖွဲ့ထဲသို့ ဝင်ရ ပါမည်။အချို့သောသူများက တစုံတခုပြောဆိုရန် ကြောက်ရွံ့ကြပါသည်။ အဖွဲ့အစည်းထဲမှနှင်ထုတ်ခံရမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်ကလူယောကျာ်းကိုကျွန်ုပ်တို့အားပေးအပ်၍ ထိုသူမှာဘုရားနှင့်သူ၏နှုတ်ကပတ်တော်မှတပါးမည်သူနှင့်မျှအဆက်အသွယ်မပြုလုပ် တတ်ပါ။ ကျွန်တော်တို့လိုအပ်သောအရာအတိအကျမှာထိုအရာပင်ဖြစ်ပါသည်။ ကျွန်တော်တို့ဘာလုပ်ခဲ့ပါသနည်း? ခြားနားသောမျိုးစေ့ကို စိုက်ပျိုးခြင်းဖြစ်ပါသည်။ လေများစိုက်ပျိုးပြီး လေပွေကို ရိတ်သိမ်းရခြင်းပင်ဖြစ်ပါသည်။

36 ၃၆။ သူတို့သည်အားလုံးတစုတဝေးတည်းရှိနေကြ၍ မီးရှို့ခြင်းခံရရန် အဆင်သင့်ဖြစ်နေကြောင်းသတိပြုကြပါ။ သင်သတိပြုမိပါသလား? သခင်ယေရှုမိန့်တော်မူသည်မှာ 'ပထမဆုံးငင်းတို့အားလုံးကို စုစည်းထား ပါ။ အစုအစည်းများကို အပုံလိုက်ပုံထားပါ။ ၎င်းနောက်ငါမီးရှို့ပစ်လိုက် မည်။' ဟူ၍ဖြစ်ပါသည်။အစည်းကလေးများဖြစ်ကြသော မက်သဒစ်၊ နှစ်ခြင်း၊ ပရက်ဘီတေးရီးယန်း၊ လူသာရင်တို့အားလုံးတစုတဝေးတည်း ကမ္ဘာ့အသင်းတော်များကောင်စီတွင် ပေါင်းစပ်စုဝေးကြပါသည်။ ၎င်းအရာ မှာဘာဖြစ်ပါသလဲ? '၎င်းတို့ကိုပထမဆုံးစုဝေးပါ။' ဟာလေလုယာ၊ အဖျင်းများကိုကိုယ်တော်ကပထမဆုံးစုသိမ်းသည်။ ဂျုံနှင့်ဝေးကွာရာသို့ပို့ သည်။ ခွဲခြားလိုက်သည်ကိုသတိပြုမိပါသလား? 'အားလုံးကိုစုဝေး၍မီး ရှို့လိုက်ရပါသည်။' ဘုရားသခင်၏ စီရင်ခြင်းများနှင့် ၎င်းတို့ကိုမီးရှို့လိုက်ပါသည်။လူအများကြားတွင် ခြားနားသောမျိုးစေ့ကို စိုက်ပျိုးခြင်းကြောင့် ဖြစ်ပါသည်။ဘုရားတရားမြဲချင်ယောင်ဆောင်၍ တန်ခိုးတော်ကိုငြင်းပယ် ထားပါသည်။နှုတ်ကပတ်တော်ကိုလည်း ငြင်းပယ်ထားပါသည်။ တစုံတဦးက ထည့်သွင်းထားသော ဘာသာရေးအတွေးအခေါ် လုပ်ပိုင်ခွင့်များကို တင်မြှောက်ထားကြပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုထပ်ထည့် ရန်ကြိုးစားကြပါသည်။ အလုပ်မဖြစ်ပါ။ ခြားနားသော မျိုးစေ့ပင်ဖြစ်ပါသည်။

37 ၃၇။ ယနေ့ကျွန်တော်ဟစ်အော်ပါသည်။ရှေးကာလပရောဖက် အာ မုတ်ကဲ့သို့ပင်ဖြစ်သည်။ မြို့ထဲဝင်လာသောအခါ ငါဟာပရောဖက်မဟုတ်ပါ။ပရောဖက်ရဲ့သားလည်း မဟုတ်ပါ။ ခြင်္သေ့ကအော်ဟစ်သောအခါ၊ မကြောက်ရွံ့ဘဲနေပါ မည်လား? ဟုသူကပြောသည်။ 'ဘုရားသခင်ကြွမက် ဆိုသောအခါပရောဖက်ပြုခြင်းပင်ဖြစ်ပါသည်။ ထိုမျိုးဆက်အတွက် တရား စီရင်ခြင်းဖြစ်ပါသည်။ အစေခံရန္တေ်က းကြော်သောဘုရားသခင်က သင့်ကို ဖျက်ဆီးပေမည်။' ဟုဆိုသည်။

သင်က ဤသို့ထားပါသည်။ တိပ်ခွေပေါ်တွင်ပါဝင်သည်ကို သင်သတိရပါ။ ဤသူများမှာ ဤကြီးမားလှသော ရိတ်သိမ်းမှုကြီးအားလုံးကိုလုပ်ဆောင်လျှက်ရှိပါသည်။ ကမ္ဘာ့အသင်းတော်များကောင်စီ၏ စုသိမ်းခြင်း ပင်ဖြစ်ပါသည်။သင်လည်း ထိုအထဲသို့ဝင်ရန်ပင်ဖြစ်ပါသည်။ သင်ကအအ ပြင်တွင်ထွက်နေ၍ မဖြစ်ပါ။သင်ကတဦးစီအပြင်သို့ ထွက်သွားရပါမည်။ သင်က အထဲသို့ဝင်ရန်ပင်ဖြစ်ပါသည်။အလယ်အလတ်လမ်းစဉ်မရှိပါ။ သားရဲ၏အမှတ်အသားပင် ဖြစ်ပါသည်။ မည်သူကမှရောင်းချခြင်း(သို့) ဝယ်ယူခြင်း မပြုလုပ်နိုင်ပါ။ အမှတ်အသားရှိမှသာဖြစ်နိုင်ပါသည်။ (သို့) ခြားနားသောမျိုးစေ့ကို ရရှိခြင်းပင်ဖြစ်ပါသည်။ အဝေးမှနေပါ။ ဘေးဖယ် နေပါ။ ဝေးရာသို့ရှောင်ပြေးပါ။ ခပ်ဝေးဝေးမှနေပါ။ သူတို့အစေခံသည်ဟု ကြွေးကြော် သောဘုရားကပင်သူတို့ကိုဖျက်ဆီးပစ်ပေလိမ့်မည်။ ကြီးမား သောမေတ္တာရှင်ဘုရားသခင်က လုပ်မည်မဟုတ်။......

'သခင်ယေရှုကကျွန်တော်တို့အားလုံး တလုံးတဝတည်းဖြစ်ရန် ဆုတောင်းပေးခဲ့ပါသည်။'

38 ၃၈။ ကိုယ်တော်ရှင်ကလည်းပြောဆိုပါသည်။ 'သင်တို့နှစ်ဦးမည်ကဲ့သို့ လျှောက်လှမ်းနိုင်ပါမည်နည်း?နှစ်ဦးသဘော တူလျှက် အတူတကွမည်သို့ လျှောက်နိုင်ပါမည်နည်း?' ကိုယ်တော်ရှင်က 'တလုံးတဝတည်း' သူနှင့်ခမည်းတော်သည် တလုံးတဝတည်းပင်ဖြစ်ပါသည်။ ခမည်းတော်သည်နှုတ် ကပတ်တော်ဖြစ်၍ ကိုယ်တော်ရှင်ကလည်းဖော်ပြတော်မူခြင်းခံရသော နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ခမည်းတော်နှင့် 'တလုံးတဝတည်း' ဖြစ်တော်မူပါသည်။ အကြောင်းမှာကိုယ်တော်ရှင်သည် ဘုရားသခင်၏ ဂတိထားတော်မူသောနှုတ်ကပတ်တော်ကို ဖေါ်ပြခြင်းပင်ဖြစ်ပါသည်။ ယနေ့လည်း ထိုကဲ့သို့ပင်ဖြစ်၍ အခြားမည်သည့်နေ့တွင်မဆို ဖြစ်နိုင်ပါသည်။ဘုရားသခင်သည် တပါးတည်းဖြစ်တော်မူ၍ ကိုယ်တော် ရှင်သည်လည်း ကျွန်ုပ်တို့ကိုတလုံးတဝတည်းဖြစ်စေလိုပါသည်။

မည်ကဲ့သို့တလုံးတဝတည်း ဖြစ်နိုင်ပါမည်နည်း။? တဦးကအပျိုက ညာမွေးဖွားခြင်းကိုငြင်းပယ်၍အချို့ကမငြင်းပယ်ပါ။ ဘုရားရှင်၏အနာ ရောဂါငြိမ်းစေခြင်းကိုငြင်းပယ်၍အားလုံးမှာလည်း ရှုပ်ထွေးနေပါသည်။ အချို့ကဘုရားကိုလုံးဝအယုံအကြည်မရှိကြပါ။ ဘုရားသားတော်အဖြစ် ကိုယ်တော်ရှင်ကို ယုံကြည်ကြပါသည်။ယောသပ်၏သားအဖြစ် ယုံကြည် သည်။ ဘုရားသားတော်ဟု ခေါ်ဆိုကြပါသည်။ လူသာရင်များ၊တွင်းကလီ များတည်းဟူသောအမွှာများကလည်း ယုံကြည်ကြပါသည်။ ကိုယ်တော်ရှင် သည်ကောင်းမြတ်တော်မူကြောင်း သိကြပါသည်။ ခရစ်ယာန်သိပ္ပံ ကလည်းကိုယ်တော်ရှင်ပရောဖက်သာဖြစ်သည်။ သာမန်လူသား သာဖြစ်သည်ဟု ဆိုထားပါသည်။ သူသည်ဘုရားမဟုတ်ပါ။ကိုယ်တော်ရှင်သည် ဘုရားမဟုတ်ပါက ကမ္ဘာပေါ်တွင်အကြီးမားဆုံး လှည့်ဖျားသူပင်ဖြစ်ပါသည်။ သူသည် ဘုရား (သို့)သူသည်ဘာမှမဟုတ်ပါ။ ကိုယ်တော်ရှင်သည် ဘုရားဖြစ်ပါသည်။ ကိုယ်တော်ရှင်ကိုယ်တော်တိုင် ကျွန်တော်တို့အ တွင်း၌ လူ့ဇာတိခံယူတော်မူ၍ဘုရားသားတော်တည်းဟူသော ပုဂ်္ဂုလ်အတွင်း၌ ဖြစ်တော်မူပါသည်။ အမှန်တကယ်ပင် ကိုယ်တော်ရှင်သည် ဘုရား ဖြစ်တော်မူပါသည်။

39 ၃၉။ ခြားနားသောမျိုးစေ့ဝင်လာသည်ကိုကျွန်တော်တို့တွေ့ရပါသည်။ ဤနေရာတွင် မရှိကြောင်းကျွန်တော်တို့သိပါသည်။ ဘယ်သူမှငြင်းပယ်၍ မရပါ။ သတိပြုကြည့်ပါ။ ဘုရားကိုအစေခံသည်ဟု မိမိကိုယ် ကြွေးကြော်သောအဖွဲ့အား ကိုယ်တော်ရှင်က ဖျက်ဆီးပစ်ပါမည်။ သင်ကြည့်ပါ။

ဘုရားသခင်က သူ၏မျိုးစေ့ကိုစိုက်ပျိုးပါသည်။ ကျွန်တော်အဆုံး သတ်ပါတော့မည်။ အကြောင်းမှာ ဆုတောင်းလမ်းကြောင်းကို စတင်သည့် အချိန်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်ကသူ၏မျိုးစေ့ကိုသူစ တင်ခဲ့သည်။ သူ၏မျိုးစေ့သည် ခရစ်တော်ဖြစ်ပါသည်။ ညဖက်တွင် ကျွန်တော်ထိုအကြောင်းဟောပြောပါမည်။ ဘုရားသခင်က သူ၏အမည်ကိုထည့် ရန်ဆုံးဖြတ်ခဲ့သည်။ ကိုယ်တော်ရှင်အလိုတော်ရှိပါက မနက်ပိုင်းအချိန်ရ လျှင်ပြောနိုင်ပါသည်။ကိုယ်တော်ရှင်သည် ထွက်ပြေးလွတ်မြောက်ရန်တခု တည်းသောနည်းလမ်းဖြစ်ပါသည်။ကိုယ်တော်ရှင်သာလျှင်တပါးတည်း သော ဘုရားရှင်အစစ်ဖြစ်သည်။ ကိုယ်တော်ရှင်တပါးတည်းသာဘုရားဖြစ် ၍အခြားဘုရားမရှိပါ။ ‘ငါသည်ဘုရားဖြစ်၍တပါးတည်းသော စစ်မှန်သည့်ဘုရား ဖြစ်ပါသည်။ ငါသည် ဘုရားဖြစ်သည်။ အခြားဘုရားကိုသင်တို့ ဘာကြောင့် မြှော်ကြသနည်း?’ အခြားဘုရား ကြွလာတော်မူပါမည်။ ငါသည် ငါ့ခမည်းတော်၏နာမ၌ ကြွလာတော်မူခြင်းဖြစ်ပါသည်။ ငါ့အား သင်သည် လက်ခံခြင်းမရှိပေ။ သို့သော်လည်း အခြားသောဘုရားကကိုယ်တော်ရှင်၏ နာမ၌ ကြွလာပါမည်။ သူ့အားလည်း သင်လက်ခံရပါမည်။ နိစိန်တွင်သူတို့ထိုသို့ လုပ်ခဲ့ကြပါသည်။

‘ခင်ဗျားခရစ်ယာန်ဖြစ်သလား?’

‘ကျွန်တော်ကနှစ်ခြင်းပါ။’

‘ခင်ဗျားကခရစ်ယာန်ဖြစ်ပါသလား?’

‘ကျွန်တော်ကပင်တေကုတ္တေပါ’

‘ခင်ဗျားကခရစ်ယာန်ဖြစ်ပါသလား?’

‘ကျွန်တော်ကမက်သဒစ်ဖြစ်ပါတယ်။’ အခြားအမည်ပင်ဖြစ်ပါသည်။

40 ၄၀။ ‘သခင်ယေရှုခရစ်’ ၏နာမတော်သို့ရောက်လာသောအခါသူတို့ဝေးဝေးရှောင်နေကြရပါသည်။ သူတို့ဘာမှ မလုပ် တော့ပါ။ သူသည်နှုတ်ကပတ်တော်ဖြစ်ပါသည်။ နှုတ်ကပတ်တော်က မိမိကိုယ်ကိုကြေငြာပါသည်။ လွတ်မြောက်ထွက်ပြေးရန် တလမ်းတည်းသာဖြစ်ကြောင်း သတိပြုပါ။ သူသည် ရှာရွှန်နှင်းဆီဖြစ်သည်။သမ္မာကျမ်းစာက ကိုယ်တော် သည်(သမ္မာကျမ်းစာထဲတွင်) ခေါင်းစဉ်အားလုံး ဖြစ်ပါသည်။သခင်ယေရှုနှင့်သက်ဆိုင် သော ခေါင်းစဉ်အားလုံးဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် အာလဖ၊ဩမေဃ၊ အစနှင့်အဆုံးဖြစ်ပါသည်။ ဒါဝိတ်၏အမြစ်ဖြစ်ပါသည်။ မိုးသောက် ကြယ်၊ရှာရွှန်နှင်းဆီ၊ (လီလီ အော့ဖ်သယ် ဗယ်လီ) အစနှင့်အဆုံး၊ ခမည်းတော်၊ သား တော်၊သန့်ရှင်းသောဝိညာဉ်တော် အားလုံးမှာ ယေရှုခရစ်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည်ယေဟောဝါဘုရား၏ လူ့ဇာတိဖြစ်၍ကျွန်ုပ်တို့အကြားတွင် ကျိန်းဝပ်တော် မူပါသည်။ကိုယ်တော်ရှင်သည် အတိအကျပင်ဖြစ် တော်မူပါသည်။

ကိုယ်တော်ရှင်သည်ရှာရွှန်နှင်းဆီဖြစ်သည်။ ရှာရွှန်နှင်းဆီကို သူတို့ဘာလုပ်ကြပါသနည်း? ဖျစ်ညှစ်ပစ်လိုက်ကြသည်။ ထုထောင်းပစ်လိုက်ကြသည်။ သို့မှသာအနံ့ရမည်။ လှပသောနှင်းဆီပန်းကလေးကို ညှစ် ထုတ်လိုက်သည့်အခါထိုနှင်းဆီပန်းထဲမှ သင်းပျံ့သောရနံ့ကို ရရှိကြမည် ဖြစ်ပါသည်။ လှပသောအသက်တာဖြစ်သည်။ထိုအသက်တာမျိုး တခါမှမ ရှိပါ။ ကားတိုင်ပေါ်တွင် ညှစ်ထုတ်ရခြင်းပင် ဖြစ်ပါသည်။

41 ၄၁။ ရှာရွှန်နှင်းဆီကိုဘိသိတ်ခံ၍အာရုံအပေါ်သို့ သွန်းလောင်းကြပါသည်။ ကိုယ်တော်ရှင်၏သန့်ရှင်းရာ ဌာနတော်၏ရှေ့သို့ သွား၍ဘိသိတ်ခံရပါမည်။ သန့်ရှင်းရာကုလားကာ၏ရှေ့တော်တွင် ဖြစ်သည်။ရှာရွှန်နှင်းဆီ ဖြင့်ဘိသိတ်ခံရပါမည်။ နှစ်စဉ်နှစ်တိုင်း ပလ္လင်တော်၏ရှေ့သို့သွားရပါမည်။ ဘိသိတ်ပေးခြင်းမှာ ကိုယ်တော်ရှင်ပေါ်သို့သက်ရောက်ရပါမည်။ ကိုယ်တော်ရှင်အတွက် ချိုမြိန်သောအနံ့ထွက်ပေါ်လာပြီး ရှေ့တော်တွင်သိုးသူငယ်၏အသွေးတော်နှင့် ပက်ဖျန်းထားရပါမည်။ သူ၏ဝတ်ရုံနံဘေးတွင်သဖန်းသီးနှင့်ခေါင်းလောင်းများ ချိတ်ဆွဲလျှက် ခြေလှမ်းတလှမ်းချင်း ‘သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း၊ ကိုယ်တော်အတွက် သန့်ရှင်း’ ဟုသီဆိုကြပါသည်။

42 ၄၂။ သတိပြုရမည့်အချက်မှာကိုယ်တော်ရှင်သည် ရှာရွှန်နှင်းဆီဖြစ်၍ မွှေးရနံ့ကြိုင်လှိုင်လျှက်ရှိသော သူ၏လူမျိုးတော်အပေါ် ဘိသိတ်ပေးသော သူဖြစ်ပါသည်။ ကိ်ုယ်တော်ရှင်၏ရှေ့တော်သို့ယုံကြည်ချက်များ၊ အခြားအရာများဖြင့် လာ၍မရပါ။ သို့သော်လည်း ရှာရွှန်နှင်းဆီနှင့်ဘိသိတ်ခံရပြီး နှုတ်ကပတ်တော်နှင့်လည်း ဘိသိတ်ခံရပါသည်။ ကိ်ုယ်တော်ရှင် သည် (လီလီအော့ဖ်သယ် ဗယ်လီ) လည်းဖြစ်ပါသည်။

သင်ဘိန်းကို မည်ကဲ့သို့ရရှိပါသနည်း။? ဘိန်းပန်းကလေးကို ယူ၍ ညှစ်ထုတ်လိုက်ပါကဘိန်းရရှိပါသည်။ ဆရာဝန်များက ခါတ်ခွဲခန်းများထဲတွင် အသုံးပြုကြသည်။စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းနေကြသော ယောကျာ်း၊ မိန်းမများကို ဆရာဝန်က ဘိန်းဆေးထိုးပေးလိုက်ပါသည်။ အကြောဆေး ထိုးပေးသည်။ အသားဆေးထိုးပေးသည်။ ထိုအခါစိတ်ဖောက်ပြန်နေသူများ ငြိမ်ကျသွားကြပါသည်။ ခဏတော့ငြိမ်နေပါသည်။ သို့သော်လည်းဆေးတန်ခိုးပြယ်သွားသောအခါ ရောဂါပြန်ထလာကြ ပါသည်။ ဤတခေါက်ဆိုလျှင် ပထမကထက်ပို၍ဆိုးပါသည်။

43 ၄၃။ (လီလီအော့ဖ်သယ် ဗယ်လီ) မှစစ်မှန်သောဘိန်းဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် (လီလီ အော့ဖ်သယ် ဗယ်လီ) ဖြစ်ပါသည်။

ကားတိုင်ပေါ်တွင် ဖြစ်ညှစ်ခြင်းခံရပါ သည်။ ကျွန်တော်တို့၏ဒါဏ်ချက်ရာများကြောင့်ကိုယ်တော်ရှင်ခံစားရ သည်။ ကိုယ်တော်ရှင်၏ဒါဏ်ချက်ရာများကြောင့်ကျွန်တော်တို့အနာရောဂါပျောက်ကင်း ချမ်းသာခွင့်ရသည်။ ပန်းများထဲမှညှစ်ထုတ်ခြင်းခံရသောကြောင့် ကိုယ်တော်ရှင်လည်း ပန်းဖြစ်ရပါသည်။ ကိုယ်တော်ရှင်သည်အကြီးမားဆုံး ပန်းတပွင့်ဖြစ်ပါသည်။ ကြီးမားသော (လီလီ အော့ဖ်သယ် ဗယ်လီ) ဖြစ်သည်။ ရှာရွန်၏နှင်းဆီလည်း ဖြစ်သည်။ ကောင်းကင်နှင့်မြေကြီး အကြားကိုယ်တော်ရှင်ကဆန့်ထုတ်ခြင်းကို ခံရပါသည်။ ကမ္ဘာလောကကြီး၏အပြစ် ကိုဆောင်ယူသွားသောသူ ဖြစ်ပါသည်။ကမ္ဘာလောကကြီးကို တဖန်ပြန်လည်၍ အနာရောဂါငြိမ်းစေပါသည်။ သမ္မာကျမ်းစာကလည်းကိ်ုယ်တော် ရှင်သည် မနေ့၊ ယနေ့နှင့်ထာဝရအတူတူပင်ဖြစ်သည်ဟု ဆိုထားပါသည်။

44 ၄၄။ တောထဲ၌ဘုရားသခင်သည်မောရှေအား မိန့်တော်မူသည်။ မြွေကိုမြှောက်ထားခြင်းမှာ ကိုယ်တော်ရှင်ကိုမြှောက်ထားခြင်းကဲ့သို့ပင်ဖြစ်ပါသည်။ ကြေးဝါဆိုသည်မှာ တရားစီရင်ခြင်းဖြစ်သည်။ကြေးဝါ္ဂမဆိုသည်မှာ ‘တရားစီရင်ချက်ချပြီးသားအပြစ်’ ဖြစ်သည်။ကြေးဝါမှာ ဘုရားနှင့်ဆိုင်သော စီရင်ခြင်းဖြစ်သကဲ့သို့ ကြေးဝါယဇ်ပလ္လင်မှာလည်းယဇ်ကိုပူဇော်သက္ကာပြုသောနေရာပင် ဖြစ်ပါသည်။ ဗလေယအထက်သို့ မြော်ကြည့်လိုက်သောအခါကောင်းကင်မှာ ကြေးဝါကဲ့သို့ ဖြစ်သည်ဟု ဆိုထားပါသည်။ မယုံကြည်သောနိုင်ငံအပေါ်ဘုရားသခင်၏စီရင်ခြင်းပင် ဖြစ်ပါသည်။ ကြေးဝါမှာ ဘုရားသခင်၏တရားစီရင်ခြင်းပင်ဖြစ်ပါသည်။ ြွမေသည်စီရင်ချက်ချပြီးသားအပြစ်ကို ကိုယ်စားပြုသည်။ သခင်ယေရှုမှာကျွန်ုပ်တို့အတွက်အမြစ်ဖြစ်၍ ဘုရားသခင်၏စီရင်ချက်များကို ကိုယ်တော်ရှင်အပေါ်ချမှတ်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အပြစ်များကြောင့် ကိုယ်တော်ရှင်ခံရ သည်။ကိုယ်တော်ရှင်အပေါ် ကျွန်ုပ်တို့၏ငြိမ်သက်ခြင်း သက်ရောက်ပါ သည်။သူ၏ဒါဏ်ချက်တော်များအားဖြင့် ကျွန်တော်တို့မှာ အနာငြိမ်း လျက်ရှိသည်။

ဘုရားသခင်၏ကကဘိနက်တွင်ဘိန်းနှင့်ပြည့်ဝလျှက်ရှိပါသည်။ ယနေ့ညသင့်အတွက် ဖြစ်ပါသည်။ ခရစ်ယာန်မိတ်ဆွေသင်သည်ဖျားနာ၍ဒုက္ခဆင်းရဲခံနေရပါသည်။ပင်ပန်းလှပါသည်။ သင့်အတွက် အလွန်ခဲ ယဉ်းပါသည်။ သင်ဆက်လက်၍ ကြာရှည်ရပ်တည်နိုင်မည်မဟုတ်တော့ပါ။ သင်အသက်ရှင်နေသောခေတ်သစ်ကာလတွင် သင်သည်စိတ်ရိုင်းဝင်သွားနိုင်ပါသည်။

45 ၄၅။ ယနေ့ညလိုက်ဖ်လိုင်း ကိုသင်တို့ကြားပြီးကြပြီလား?သူတို့ဘာပြော ကြသည်ကို နားထောင်ပါ။ ရုရှားက ‘၁၉၅၅-ခုနှစ်တွင် ၎င်းတို့သည် တကမ္ဘာလုံးကိုလုံးဝထိန်းချုပ်နိုင်ရမည်ဟု ဆိုထားကြပါသည်။ ထိုသို့ဖြစ်မလာမှီ ချီဆောင်ခြင်း အရင်ရောက်လာမည်ဖြစ်ပါသည်။ မည်မျှနီးစပ်နေ ပါသနည်း။? ယခုပင်အလွန်နီးကပ်လျှက်ရှိနေပါပြီ။

ယနေ့ည သင်၏စိတ်နှလုံးအွေကင်းမဲ့ကိုယ်တော်ကိုမရှာဖွေလိုဘူး လား?ကိုယ်တော်ရှင်သည် (လီလီ အော့ဖ်သယ်ဗယ်လီ) ဖြစ်၍ မနေ့၊ ယနေ့နှင့် ထာဝရကာလကိုယ်တော်ရှင်သည် မပြောင်းလဲပါ။ ကိုယ်တော်ရှင်သည် ယနေ့ည မိမိကိုယ်ကို မိမိ၏လူသားများအကြားမြှောက်ထားလျှက်ရှိပါသည်။ မော ရှေသည် အပြစ်၏လက္ခဏာကိုစီရင်ပြီးမြှောက်ထားသကဲ့သို့ပင်ဖြစ်ပါ သည်။ အပြစ်သာမကဘဲ ဖျားနာခြင်းလည်းပါသည်။သခင်ယေရှုကဆို ထားသကဲ့သို့ဖြစ်ပါသည်။ ‘မောရှေသည်ကြေးဝါမြွေကိုမြှောက်ထားသကဲ့ သို့လူသားသည်လည်း မြှောက်ထားခြင်းကိုခံရပေမည်’ ဟုဆိုထားပါသည်။ မောရှေသည် ဘာအတွက်မြှောက်ထားခြင်း ဖြစ်ပါသနည်း? အပြစ်အတွက်၊ မယုံကြည်ခြင်းအတွက်နှင့်ဖျားနာခြင်းအတွက်ဖြစ်ပါသည်။ သခင်ယေရှုကို မြှောက်ထားခြင်းမှာ အပြစ်၊ ဖျားနာခြင်းနှင့်မယုံကြည်ခြင်းတို့အတွက်ပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ပြောင်းလဲခြင်းမရှိပါ။

46 ၄၆။ ယနေ့ညကျွန်တော်တို့ခြားနားသောမျိုးစေ့ကို ရသောအခါ သခင်ယေရှုက ရှင်လုကာခရစ်ဝင်ကျမ်းတွင်ဂတိပေးထားတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်ကြွလာတော်မမူမှီသောဒုံမြို့ခေတ်ကာလကဲ့သို့ဖြစ်မည်။ လူသားသည် မိမိကိုယ်ကိုအာဗြဟံအားဖေါ်ပြသကဲ့သို့ဖြစ်မည်။ လူသားသည် မိမိကိုယ်ကိုအာဗြဟံအားဖေါ်ပြသကဲ့သို့ဖေါ်ပြပါက ဘုရားသည် လူများအကြားတွင် လူ့ဇာတိကိုခံယူ၍ အာဗြဟံနှင့်အတူ ကျိန်းဝပ်တော်မူပါသည်။ စာရားဘာကိုစဉ်းစားနေကြောင်း သူ့အားဖေါ်ပြပါသည်။(တဲထဲတွင် သူ၏နောက်ကွယ်၌) သူမမြင်ရသောနေရာတွင် ဖြစ်ပါသည်။ သူမဘာဖြစ်မည် နှင့်သူမ၏အမည်ကို ‘စာရာ’ ဟုခေါ်ဆိုပြီး သူ့အမည်ကိုလည်း အာဗြံဟုမခေါ်ဘဲ ‘အာဗြဟံ’ ဟူ၍ဖြစ်ပါတော့သည်။ စာရဲမဟုတ်ဘဲ စာရားဖြစ်သွားပါတော့သည်။ ‘သင့်ဇနီးစာရားဘယ်မှာရှိသနည်း?’ ‘သူမသည် ကိ်ုယ်တော်၏နောက်ဖက်တဲထဲတွင်ရှိပါသည်။’ ဟုဖြေဆိုသည်။

ကျွန်ုပ်တို့သည်သင့်အားသွားရောက်တွေ့ဆုံမည်။ အသက်တာ၏ အချိန်အရ ဖြစ်ပါသည်ဟု ဆိုသောအခါ သူမက ရယ်ပါသည်။ ကိ်ုယ်တော်ရှင်က ‘သူမဘာကြောင့်ရယ်ရသနည်း?’ ဟုမေးသည်။

သခင်ယေရှုက ဆက်လက်၍မိန့်တော်မူသည်မှာ ‘ဤကြီးမား သော ခြားနားသည့်မျိုးစေ့ကိုမရိတ်သိမ်း၍မီးမရှို့ပစ်နိ်ုင်မှီမှာပင် လူသားသည် မိမိကိုယ်ကိုဖေါ်ပြပါမည်။’ ထိုစဉ်က ပြုလုပ်သကဲ့သို့အလားတူပင်ဖြစ်ပါသည်။ ဘာဖြစ်ပါသနည်း?သင့်ရှေ့တွင် မြှောက်စားခြင်းပင်ဖြစ်ပါသည်။ သခင်ယေရှုသည် မနေ့၊ယနေ့နှင့်ထာဝရအတူတူပင်ဖြစ်ပါသည်။ သင်ယုံ ကြည်ပါသလား? ခေါင်းငုံ့၍ ဆုတောင်းကြပါစို့။

47 ၄၇။ ကိုယ်တော်ရှင်ဘုရားကျွန်ုပ်တို့ ကိုယ်တော်ကို ချစ်ပါသည်။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်သည်ကျွန်ုပ်တို့အ တွက် အလွန်ပင်အဟာရ ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို ချစ်ပါသည်။နှုတ်ကပတ်တော် အားဖြင့် အသက်ရှင်ပါသည်။ ကျွန်တော်တို့၏အတိုင်းအတာမှာ ဘယ် သောအခါမှလုံလောက်မှုရှိပုံမပေါ်ပါ။ ကိုယ်တော်ရှင်၏ စားပွဲတွင်ထိုင်လျှက်နှုတ်ကပတ်တော်နှင့်ဝိုင်းရံလျှက် ကိုယ်တော်ရှင်၏ကောင်းချီးများ ကိုပျော်ရွှင်စွာခံစားရလျှက်ရှိပါသည်။ဤကဲ့သို့အတူတကွဖြစ်ပေါ်လာပါက ဘုရားသားတော်အားဖြင့် အသွေးတော်နှင့်ဝယ်ယူထားသောညီအကို မောင်နှမများ ကိုယ်တော်ရှင်၏ အသွေးတော်အားဖြင့်ဝယ်ယူထားသူများဖြစ်ကြပါသည်။ ယနေ့ည ကျွန်တော်တို့ ကိုယ်တော်ရှင်ထံသို့ရောက်လာကြ ပြီးမိမိကိုယ်ကိုဆက်ကပ်၍

ဖျားနာသူများအတွက်ဆုတောင်းပေးကြပါ မည်။ ကျမ်းစာအရကိုယ်တော်ရှင်မိန့်တော်မူသည်အတိုင်း 'ဒါဏ်ချက်တော်အားဖြင့်ကျွန်တော်တို့သည် အနာငြိမ်းလျှက်ရှိကြပါပြီ' ဟုဆို ထားသည်။ ဆုတောင်းရန်အတွက် မလိုအပ်သေးပါ။ အပြစ်များကိုသာဝန်ချတောင်းပန်ကြပါ။ အကြောင်းမှာ ဒါဏ်ချက်တော်အားဖြင့် ကျွန်တော်တို့မှာအနာငြိမ်းလျှက်ရှိသောကြောင့်ဖြစ်ပါသည်။ အတိတ်ကာလ ကယ်တင်ခြင်းနေ့ရက်ကာလပင်ဖြစ်ပါသည်။ မောနွေလ၏ဂတိ တော်ပင်ဖြစ်သည်။ အမှန်တကယ်ပင် သမ္မာတရားဖြစ်ပါသည်။

ကိုယ်တော်ရှင်မိန့်တော်မူသည်မှာ 'ခဏတာအတွင်း ကမ္ဘာလောကကြီးသည်ငါ့ကိုသင်တို့မြင်ကြမည်မဟုတ်ပါ။' သို့သော် လည်း သင်တို့ငါ့ကို တွေ့ကြရမည်။ အကြောင်းမှာ ငါသည် 'ငါ' ဆိုသည်မှာ ကိုယ်ပိုင်နာမ်စား ဖြစ်သည်။ ကမ္ဘာကုန်ဆုံးသည့်တိုင်အောင် သင်တို့နှင့်အတူရှိမည်ဟု ဆိုထားခြင်းဖြစ်ပါသည်။ကပ်ကမ္ဘာကုန်ဆုံးသည့်အချိန်တွင် နောက်ဆုံး အဆုံးသတ်သည့်အခါ သောဒုံမြို့ပေါ်တွင် မီးကျလာသကဲ့သို့တပါးအမျိုးသားကမ္ဘာ ကြီးမှာ မီးလောင်ပြာကျသွား မည်ဖြစ်ပါသည်။ လူသားကိုထပ်မံ၍ဖျာဒိတ် ဖေါ်ပြဦးမည်ဖြစ်ပါသည်။ သောဒုံမြို့မှာကဲ့သို့ ဖြစ်ပါသည်။ကိုယ်တော်ရှင် အဖ ဤအမှုကိုလူအများက နားလည်သိရှိကြပါစေ။

48 ၄၈။ ကိုယ်တော်ရှင်ကျွန်တော်ဆက်လက်၍ အရိုင်းသက်သက်ဆု တောင်းပါသည်။ (ကျွန်တော်မှားပါက ကျွန်တော်ကိုခွင့်လွှတ်ပါ။) သူတို့အတွက် ဆုတောင်းပါသည်။ သူတို့အနေနှင့်မရရှိဘဲ မဖြစ်ပါစေနှင့်။ဤညသည် အလွန်ကြီးမားသော ညတစ်ညဖြစ်စေပါ ကိုယ်တော် 'မည်သို့သော အနာရောဂါဖြစ်ပါစေ။ စိတ်ဝေဒနာခံစားရပါစေ။မျက်မမြင်ဖြစ်ပါစေ။ ဘာဘဲဖြစ်ဖြစ် ကိုယ်တော်ရှင် ယနေ့ညအနာရောဂါပျောက်ကင်းစေပါ။ အပြစ်သားတိုင်းကယ်တင်ခြင်းရပါစေ။ ယခုပင်သူတို့၏ နှလုံးသားထဲတွင် မယုံကြည်သူဖြစ်ပါက ယခုအချိန်တွင်ပင် ၎င်းတို့ခရစ်တော်ကိုလက်ခံကြပါစေ။ အိုအဖ ချပေးသနားတော်မူပါ။ ကိုယ်တော်၏ လက်တော်ထဲ၌ရှိပါ သည်။ လက်တော်ထဲသို့အပ်နှံပါသည်။ ကျွန်ုပ်တို့အလယ်တွင် ကိုယ်တော် အား တွေ့မြင်လိုပါသည်။

(ယောဟန်၁၄း၂၁)တွင် 'ငါအမှန်အကန်ဆိုသည်ကားငါ့ကို ယုံကြည်သောသူသည် ငါပြုသောအမှုတို့ကိုပြုကြလိမ့်မည်။' ကိုယ်တော်ရှင်ကို လူအများကသိစေရန်ပြုလုပ်ကြောင်း ကျွန်ုပ်တို့မည်ကဲ့သို့သိပါသနည်း? ကိုယ်တော်ရှင်သည် မောရှေ ပြောသောပေါ်ထွက်လာမည့်သူပင်ဖြစ်ပါ သည်။ သူတို့သည် နှစ်ပေါင်းရာနှင့်ချီ၍ပရောဖက်များမပေါ်ထွက်ကြတော့ပါ။ ခြားနားသောမျိုးစေ့များသည် နေရာတိုင်းတွင်ရှိပါသည်။သို့သော်လည်း နှုတ်ကပတ်တော်ပြည့်စုံစေရပါမည်။ နှုတ်ကပတ် တော်သည်လူ့ဇာတိကိုခံယူသကဲ့သို့ ခြားနားသောမျိုးစေ့သည်လည်း ထိုနည်း၎င်းပင်ဖြစ်ပါ သည်။ခမည်းတော်ဘုရား ယနေ့ကျွန်တော်တို့ တဖန်တွေ့မြင်ကြရပါသည်။ ခြားနားသောမျိုးစေ့သည် ကြီးမားသောအထုပ်ကြီးတစ်ထုပ်ဖြစ်လာပါ သည်။ နှုတ်ကပတ်တော်သည်လည်း အလားတူပင်ဖြစ်လာပါတော့သည်။ ယနေ့ညကျွန်တော်တို့အား ကောင်းချီးပေးတော်မူပါအဖ။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ကိုယ်တော်ရှင်ထံအပ်နှံကြပါသည်။ကိုယ်တော်ရှင်၏ နှုတ်ကပတ် တော်အားဖြင့် ဖြစ်ပါသည်။ ကျွန်တော်တို့အတွက်ကိုယ်လိုအပ်သော မည်သည့်အရာဖြစ်စေ။ ကိုယ်တော်ရှင်အလိုတော် အတိုင်းပြုတော်မူ ပါ။ယေရှု၏နာမတော်မြတ်၌ ဆုတောင်းပါသည်။ အာမင် ။

49 ၄၉။ (ညီအစ်မတစ်ဦးကအခြားသောဘာသာစကားဖြင့် ပြောဆိုပါ သည်။ တိတ်ခွေပေါ်တွင် ကွက်လပ်ဖြစ်နေပါသည်။အယ်ဒီတာ) စစ်မှန်သော လေးမြတ်ခြင်းဖြစ်ပါသည်။ ကိုယ်တော်ရှင်ကပြောသည်ကို ကျွန်တော်တို့မသိပါ။ ကိုယ်တော်ရှင်က ကျွန်တော်တို့အား တစုံတခုကိုပြောလိုပါ သည်။ထို့ကြောင့်အချိန်အနည်းငယ်အတွင်း မှန်ကန်စွာ လေးလေးစားစား နေပါ။(တိပ်ခွေတွင်ကွက်လပ်ဖြစ်မည်။ ညီအစ်ကိုတစ်ဦးက အနက်ဖွင့်ဆို ပြောပြပါသည်။ အယ်ဒီတာ)

အာမင်။ ။ သင်ကျမ်းစာကို ဖတ်ရှုဘူးပါသလား? (တိပ်ခွေတွင် ကွက်လပ်ဖြစ်နေပါသည်။) ရန်သူရောက်လာသောအခါသူတို့အားလုံးစု ဝေး၍ ....ရန်သူများလည်းအလွန်အင်အားကြီးမားလျှက် ရှိနေပါသည်။ ဘုရားသခင်၏ ဝိညာဉ်တော်ကလူတစ်ဦးအပေါ်သို့သက်ရောက်၍ သူ့အားပြောဆိုပါသည်။ သူကပရောဖက်ပြု၍ဘယ်နေရာသို့သွားပြီး စောင့် စားရမည်ကို ပြောပြပါသည်။ သူတို့၏ ရန်သူကိုသူတို့ဖျက်ဆီးနိုင်ခဲ့ ပါသည်။ တဖန်ပြန်လာပြန်ပါသည်။ သင်ရန်သူကိုဖျက်ဆီးပစ်နိုင်သော နေရာဖြစ်ပါ၍ ဘုရားသခင်၏လက်တော်ကို ယူဆောင်ပါ။ ဘုရားသခင်၏လက်တော်မှာ ခရစ်တော်ပင်ဖြစ်ပါသည်။ နှုတ်ကပတ်တော်ဖြစ်၍ ယနေ့ည သင်တို့၏စိတ်နှလုံးများထဲသို့ ထည့်သွင်းမှတ်ယူ၍ ယနေ့ည ကျွန်တော်တို့ ဆုတောင်း ကြပါသည်။

50 ၅၀။ ဘီလီကဆုတောင်းကဒ်ပြားများထပ်မံ၍ ဖြန့်ဝေမည်ဟု ကျွန် တော်ယုံကြည်ပါသည်။ ဆီကိုယူကြပါစို့။(၈၅)ရှိပါ သည်။ ယမန်နေ့ညက (၁၅)ရှိပါသည်။ကျွန်တော်တို့ တစ်ညတွင်(၁၅)ရရှိရန်ကြိုးစားလေ့ရှိပါ သည်။ သင်၏ကဒ်ပြားများကိုကိုင်ထားပါ။ ယခုရနိုင်ပါသည်။ (၁၅)ကို ကြိုးစားကြည့်ကြပါစို့။ (၈၅)စီကဲ့သို့ ဘရမ်ဟမ်ဖြစ်ပါသည်။စီ(၈၅)မှ(၁၀၀) အထိဖြစ်ပါသည်။ မည်သူ့ထံတွင် စီ(၈၅)ရှိပါသနည်း? ယခုလက်ထောင်ပြပါ။အနောက်ဖက်တန်းမှာရှိပါသည်။ (၈၅)တက် လာပါ။

ဤနေရာတွင် မည်ကဲ့သို့ဖြစ်ပျက်ခဲ့သည်ကိုမသိသောလူစိမ်းများ ရှိကောင်းရှိနိုင်ပေမည်။ ငါ့သား ဆင်းလာခဲ့ပါ။ သို့တည်းမဟုတ်တစ်ယောက်ယောက်ဆင်းလာခဲ့ပါ။ သူမလာနိုင်ပါက ဘရာသာဘော်တာ အခြားတ စုံတယောက်၊ တဦးဦးဖြစ်ပါစေ။ လူအချို့ဆင်းလာပြီး ဤကဒ်ပြားများကို ယူပါ။ (၁၀၀)ခန့်ရှိပါသည်။ လူအများရှေ့တွင်ရပ်နေလျှက်သူတို့ အားလုံး ကိုရောလိုက်ပါ။ ထိုကြောင့်သူကသင့်အားကဒ်ပြားကိုပေးလိမ့်မည်။ သင်သည် ပလက်ဖောင်းပေါ်တွင် ရောက်နေမည့်အကြောင်းမပြောနိုင်ပါ။ ထိုဆရာကို သူမသိပါ။ ကျွန်တော်လည်း မသိပါ။ ကျွန်တော်ညအချိန်လာ၍(၁၀)သို့မဟုတ်(၁၅)ခန့် ဆွဲချလိုက်ပါသည်။ ကဒ်ပြားများထဲတွင် ဖြစ်သည်။ သင်၏အနာရောဂါငြိမ်းစေခြင်းနှင့် ဘာမှမပတ် သက်ပါ။ သင် ၏နေရာမှာ ထိုင်နေနိုင်ပါသည်။ယမန်နေ့ညကကြည့်ပါ။ ယမန်နေ့ညက ဘယ်နှစ်ယောက် ဒီမှာရှိပါသနည်း? သင်တို့၏လက်များကို ကြည့်ပါရစေ။စည်းဝေးပွဲတလျှောက်လုံး လူအများမည်ကဲ့သို့ အနာရောဂါငြိမ်း သွားရသည့်အ ကြောင်းပင်ဖြစ်ပါသည်။

51 ၅၁။ ထိုအရာမှာ(၈၅၊၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀) တို့ဖြစ်ပါသည်။ ၎င်းတို့ ယခုပင် လာကြပါစေ။ စီ(၈၅၊ ၈၆၊ ၈၇၊ ၈၈၊၈၉၊ ၉၀)ပင်ဖြစ်ပါသည်။ (၉၀၊ ၉၁ မှ ၁၀၀)အထိပင် ဖြစ်ပါသည်။ (၉၀၊ ၉၁၊ ၉၂၊ ၉၃၊ ၉၄၊ ၉၅၊၉၆၊ ၉၇၊ ၉၈၊ ၉၉)

သင်လမ်းမလျှောက်နိုင်ပါကကျွန်တော်တို့တွန်းလှည်း(၂-ခု၊ ၃-ခု)တွေ့ရပါသည်။ (၄)ခုရှိမည်ဟုထင်ပါသည်။ ကျွန်တော်တွေ့နေရပါသည်။ ခင်ဗျားတို့ထဲမှာ ဆုတောင်းကဒ်ပြားရှိပါက နံပါတ်စဉ်အလိုက်ခေါ်သံကြားရသော်လည်း မလှုပ်ရှားနိုင်ပါက လက်ကိုသာမြှောက်ပြပါ။ ကျွန်တော်တို့တွန်းလှည်းကို လာတွန်းပေးပါမည်။

52 ၅၂။ အကယ်၍ဆုတောင်းကဒ်ပြားမရှိပါကထိုနေရာတွင်သာထိုင်၍ ဆုတောင်းပါ။ ကိုယ်တော်ရှင်အဖ၊ ယနေ့ည ကျွန်တော်ကို ဖြစ်စေပါ။ ဆုတောင်းကဒ်မရှိသောသူ ဘယ်နှစ်ယောက်ရှိပါသလဲ?လက်မြှောက်ထား ပါ။ ကောင်းပြီ။ ဤကဲ့ သို့ပင် ပြောကြပါစို့။ ဘုရား၊ တရားမရှိသေရာမကျဟု ကျွန်တော်မြှော်လင့်မိပါသည်။ တခါကဆုတောင်းကဒ်ပြားမရှိခဲ့သောအမျိုးသမီးတစ်ယောက် ရှိခဲ့ပါသည်။ သူမက လူအုပ်ကြားတိုးဝင်ပြီး (သေ ချာနားထောင်ပါ။)ထိုသူ၏အဝတ်ကို တို့ထိရုံနှင့် ကျမရောဂါပျောက်ကင်းမည်ဟု ထင်ပါသည်ဟု ဖြစ်သည်။ ဘယ်နှစ်ယောက်ဤအကြောင်းသိပါသ နည်း?သူမဘာလုပ်ခဲ့ပါ သနည်း? ကိုယ်တော်ကိုတို့ထိ၍သွားထိုင်နေပါ သည်။ သခင်ယေရှုက လှည့်ကြည့်ပြီး သူမဘာလုပ်မည်ကိုသိပါသည်။ဟုတ်ပါသလား? သူမ၏ရောဂါကိုကိုယ်တော်သိပါသည်။ ဟုတ်ပါသ လား?သူမရောဂါကို သိသဖြင့်သိသည်အကြောင်း ပြောပါသည်။ သူမ၏ ကိုယ်ခန္ဓာထဲတွင်သွေးသွန်နာပျောက်ကင်းကြောင်းခံစားရပါသည်။ ဟုတ် ပါသလား? ဘာကြောင့် ဟုတ်ပါသနည်း? ကိုယ်တော်ရှင်ကို သူမကတို့ထိရသောကြောင့် ဖြစ်ပါသည်။

53 ၅၃။ ယနေ့ညဤနေရာတွင်ရှိသော ခရစ်ယာန်ဘယ်နှစ်ယောက် ဟေဗြဲသြဝါဒစာကို သိပါသနည်း? သခင်ယေရှုသည် ယဇ်ပရောဟိတ်အ ကြီးဖြစ်၍ကျွန်ုပ်တို့၏အားနည်းချက်များအားဖြင့် ထိတွေ့နိုင်သော ယဇ်ပ ရောဟိတ်အကြီးပင်ဖြစ်ပါသည်။ ဟုတ်ပါသလား? ထိုသူသည်အလားတူယဇ်ပရောဟိတ်အကြီး ပင်ဖြစ်၍ တနေရာထဲတွင်ရှိနေသော ယဇ်ပရော ဟိတ်ကြီးဖြစ်နေပါကသူထိုအခါတွင် မည်သို့လှုပ်ရှားပါမည်နည်း?ထိုစဉ် ကကဲ့သို့ ကိုယ်တော်ရှင်သည် အလားတူပင်လှုပ်ရှားမည် ဖြစ်ပါသည်။ သင်ထိုအရာကို ယုံကြည်ပါသလား? ထိုစဉ်ကသူလှုပ်ရှားသကဲ့သို့ လှုပ်ရှား မည်ဖြစ်ပါသည်။ သင်ထိုအရာကို ယုံကြည်နိုင်ပါကဖြစ်ပေမည်။ ဘယ်နှစ် ယောက်ယုံကြည်ပါသလဲ? လက်မြှောက်ပြပါ။ ‘ကျွန်တော်အမှန်တကယ်ပင်ယုံကြည်ပါသည်’ ဟုဆိုပါ။

သူတို့ဆုတောင်းသည့်လမ်းကြောင်းမဖွဲ့စည်းမီဆုတောင်းလမ်း ကြောင်းကိုပြင်ပတွင် ပြုလုပ်ကြပါစို့။ ကိုယ်တော်ရှင် ဤနေရာတွင်ရှိနေတော်မူပါသည်။ ကိုယ်တော်ရှင်ရှိတော်မူကြောင်း ကျွန်တော်ခံစားရပါသည်။ သူဤနေရာတွင်ရှိကြောင်း ကျွန်တော်သိပါသည်။ လာပါ။ဆုတောင်းလမ်း ကြောင်းအနေနှင့် အဆင်သင့်ဖြစ်ပါရဲ့လား? ကျွန်တော်ခေါ်ထုတ်ပါမည်။ သင်လည်း ဆုတောင်းခြင်းသက်သက်ပြုလုပ်ပါ။ ဆုတောင်းပါ။ ဤနည်း လမ်းကို ကြည့်၍ဆုတောင်းပါ။ ကိုယ်တော်ကိုသာယုံကြည်ပါ။

54 ၅၄။ မိန်းကလေးတစ်ဦးဤနေရာတွင်ထိုင်ပြီး ကျွန်တော့်ကိုကြည့်နေပါသည်။ မျက်မှန်တပ်ထားသော အမျိုးသမီးကြီးတစ်ဦး၏အနီးတွင် ထိုင်နေ ပါသည်။ ထိုအမျိုးသမီးကြီးအပေါ်တွင် ဖုံးလွှမ်းနေသည့်အရာကိုသင်မတွေ့ နိုင်ပေဘူးလား? ဤနေရာမှာကြည့်ပါ။တွေ့ပါသလား? သူမသည်နှလုံး ရောဂါခံစားနေရပါသည်။ ဘုရားသခင်သင့်ကို အနာရောဂါ ငြိမ်းစေနိုင် ကြောင်းသင်ယုံကြည်ပါသလား? သင်ယုံကြည်ပါကလက်ကို မြှောက်ပြပါ။ သင့်အခက်အခဲမှာ ထိုအရာပင်ဖြစ်ပါသည်။ သင့်အတွက် အခက်အခဲဖြစ်ပါကလက်ကိုမြှောက်ပြပါ။ ထိုအခါလူအများက မြင်နိုင်ပါမည်။ ထိုကဲ့သို့ပင် လက်ကိုမြှောက် ထားပါ။ ကောင်းပြီ။ ယခုသင်ဘာရောဂါမှမရှိတော့ ပါ။ သင်၏ယုံကြည်ခြင်းသည် သင့်ရောဂါကို ပျောက်ကင်းစေပါပြီ။

ကိုယ်တော်ရှင်သည် မနေ့၊ယနေ့နှင့်ထာဝရကာလအတူတူပင် ဖြစ်ပါသည်။ ခြားနားသောမျိုးစေ့ရှိပါသည်။ သို့သော်လည်းယေရှုခရစ် သည်မနေ့၊ ယနေ့နှင့်ထာဝရကာလအတွက် အတူတူပင်ဖြစ်ပါသည်။ ဆက်လက်၍ဆုတောင်းပါ။သင်သိရစေရန် သင်ဤပေါ်သို့တက်လာစရာမလိုပါ။

55 ၅၅။ ဤအမျိုးသမီးဖြစ်ပါသည်။ကျွန်တော်သိရသလောက်ဆိုလျှင် တ ခါမှ မြင်ဘူးခဲ့သူမဟုတ်ပါ။ ဤနေရာတွင်သာရပ်နေသူဖြစ်ပြီး ဆုတောင်း ကဒ်ရှိသူဖြစ်ပါသည်။ သူမကိုခေါ်မခေါ် မသိရသေးပါ။ တယောက်ယောက်က ဆုတောင်းကဒ်ပေးပြီးသားဖြစ်၍ အမည်လည်းခေါ်ပြီးသားဖြစ် ပါသည်။ထို့ကြောင့်အပေါ်သို့တက်လာပါ။ ဟုတ်ပြီလား?ခင်ဗျားကိုကျွန် တော်ဘယ်လိုမှမသိပါ။ ဘယ်သူဘယ်ဝါမှန်းမသိပါ။ ဘယ်နေရာမှ လာမှန်းလည်းမသိပါ။ ဘာလိုချင် ကြောင်းလည်း မသိပါ။ ဘာမှမသိရပါ။ ကျွန် တော်သည်အမျိုးသားဖြစ်၍ ခင်ဗျားမှာ အမျိုးသမီးတစ်ဦးသာ ဖြစ်ပါသည်။ မှန်ပါသည်။ ဤကဲ့သို့ အဖြစ်အပျက်မျိုး တချိန်ကသမ္မာကျမ်းစာထဲတွင်ဖြစ်ပျက်ခဲ့ဘူးပါသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း အခန်းကြီး(၄)တွင် ဖြစ်ပါသည်။

‘မကြာမီကာလကခင်ဗျားဘာလုပ်သလဲ? ဘာရာသာဇရမ်ဟမ်’ ဟုသင် ကပြောပေမည်။ ကျွန်တော်မသိပါ။ကိုယ်တော်ရှင် အမှုပြုပါသည်။ ကျွန်တော်မသိပါ။ ထိုအပြင်က အမျိုးသမီးမည်သို့ရှိပါသနည်း? သူမကိုတခါမှ မမြင်ဘူးပါ။ အစိမ်းသက် သက်ပါ။ အမျိုးသမီးဖြစ်ပါသည်။ ယခုပရိသတ် ထဲတွင်ကျွန်တော်အနာငြိမ်းစေသူမှာ မည်သူဖြစ်ပါသနည်း?လက်မြှောက်ပြပါ။ .....ကျွန်တော်တို့ဘာမှမသိခဲ့ကြဘူးပါ။ ဟုတ်ပါက ဤကဲ့သို့ လက်ကို လှုပ်ပြပါ။ထိုအမျိုးသမီးကို တခါမှမမြင်ဘူးပါ။ သို့သော်လည်း သူမကထိုင်လျှက် ယုံကြည်နေပါသည်။ သူတစုံတခုကိုတို့ထိလိုက်သည်မ ဟုတ်ပါလား?ကျွန်တော်ကို တို့မိခြင်းအားဖြင့် ဘာမှမကောင်းပါ။

56 ၅၆။ သမ္မာကျမ်းစာသည်ဘုရားသခင်၏နှုတ်ကပတ်တော်မြတ် အတိအကျပင်ဖြစ်ကြောင်း ယခုအခါ သင်တွေ့မြင်နိုင်တော့ပါသလား? ကိုယ်တော်ရှင်သည်မနေ့၊ ယနေ့နှင့်ထာဝရကာလအတွက် အတူတူပင်ဖြစ်ပါသည်။ ကျွန်တော်တို့မှာသခင်ခရစ်တော်တည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်၏ ကိန်းဝပ်ရာဇရပ်များဖြစ်ကြပါသည်။စစ်မှန်သောမျိုးစေ့ ပင်ဖြစ်ပါသည်။ စစ်မှန်သောသန့်ရှင်းသောဝိညာဉ်တော်သည် စစ်မှန်သောနှုတ်ကပတ်တော်၏မျိုးစေ့ထဲတွင် ရောက်မနေပါ က ... ၎င်းအထဲတွင်

ရှိနေမည်မဟုတ်ပါ။(အကြောင်းမှာ နတ်ဆိုးက ၎င်းကိုအသုံးပြုခြင်းကြောင့် ဖြစ်သည်။) သင်အားလုံးကိုယူလိုက်ရမည်ဖြစ်ပါသည်။ နှုတ်ကပတ်တော် အားလုံးကို ယူရပါမည်။ အကြောင်းမှာကိုယ်တော်ရှင်သည် ဘုရားတဝက် သာဖြစ်နေသောကြောင့် မဟုတ်ပါ။ ဘုရားအားလုံးအပြည့်အဝဖြစ်သော ကြောင့်ဖြစ်ပါသည်။ ထိုကဲ့သို့ပင် ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်တခါမှမမြင်ဘူးသောအမျိုးသမီးယခု ရောက်နေပါသည်။ သခင်ယေရှုကလည်း တချိန်က ဤကဲ့သို့ပင်အမျိုးသမီးတဦးကိုတွေ့ကြုံခဲ့ရပါသည်။ အခြေအနေခြင်းတော့ တူမည်မဟုတ်ပါ။ကိုယ်တော်ရှင်သည် ရေတွင်းနားတွင် ထိ်ုင်နေခြင်းဖြစ်ပါသည်။ ရှမာရိမြို့သို့ဆင်းသွားခြင်း မဟုတ်ပါ။ရှမာရိမြို့မှာတောင်ကုန်းအောက်တွင်ရှိနေကြောင်း ကျွန်တော် တို့သိရပါသည်။ကိုယ်တော်ရှင်သည် ယေရိခေါမြို့သို့ သွားနေခြင်းဖြစ်ပါသည်။ရှာမာရိမြို့သို့သွားခြင်း လည်းဖြစ်သည်။ Sycher မြို့သို့ရောက်လာပါသည်။ သူသည်ရေတွင်းနားတွင် ထိုင်နေပါသည်။ သူ၏တပည့်တော်များကိုလည်းအစာရှာဖွေရန်အတွက် စေလွှတ်လိုက်သည်။

57 ၅၇။ ကမ္ဘာပေါ်တွင်လူမျိုးကြီးဘယ်မျိုးရှိပါသနည်း?(၃)မျိုးဖြစ်သည်။ ဟေမ၊ ရှေမနှင့်ယာဖက်၏အမျိုးဖြစ်ပါသည်။ ကျွန်တော်တို့အားလုံးမှာ နောဧမှဆင်းသက်လာခြင်းဖြစ်ပါသည်။ ကမ္ဘာပေါ်တွင်ကျန်လူများအားလုံးမှာ ဖျက်ဆီးခြင်းကို ထိုစဉ်က ခံခဲ့ရပြီးဖြစ်သည်။လူမျိုး(၃)မျိုးသာ ကျန်ပါသည်။ ဂျူး၊တပါးအမျိုးသားနှင့်ရှာမာရိအမျိုး(ဂျူးနှင့်တပါးအမျိုးသားရော စပ်)တို့သာရှိကြပါသည်။ သူတို့အားလုံးမှာ ကမ္ဘာပေါ်တွင်ရှိကြသော လူမျိုး ကြီးများသာဖြစ်သည်။ (၃)မျိုးသာဖြစ်ပါသည်။

ဘုရားသခင်၌အားလုံးသည် (၃)၌ပြည့်စုံပါသည်။ယနေ့ည ကျွန်တော်ပြောဆိုသော(၃)ကဲ့သို့ ပင်ဖြစ်ပါသည်။ ခြားနားသော မျိုးစေ့အတွက်အဆင့်(၃)ဆင့်၊ နှုတ်ကပတ်တော်အတွက် အဆင့်(၃)ဆင့်အားဖြင့် လူ့ဇာတိကိုခံယူတော်မူခြင်း စသည် တို့ဖြစ်ပါသည်။

နာသနေလကို ခေါ်လာပြီးဖိလိပ္ပိကိုကိုယ်တော်ရှင်က ပြောဆိုခဲ့ပါ သည်။ ‘ကိုယ်တော်ရှင်သူ့အားသစ်ပင်အောက်တွင်ရှိစဉ်က တွေ့ခဲ့သည်’ ဟူ၍ဖြစ်ပါသည်။ အိန္ဒြေကပေတရုကိုခေါ်ဆောင်ခဲ့သည်။ ‘သင်၏အမည်သည် ရှိမုန်ဖြစ်၍ရှေ့ရှောက် ပေတရု ဟုခေါ်ဆိုရမည်။’ ဟုဆိုပါသည်။ ‘သင်သည်ယောန၏သားဖြစ်သည်။’ ဟုပြောသည်။သူတို့အားလုံးမှာ ဂျူးများဖြစ်ကြပါ သည်။

သို့သော်လည်း ဤနေရာမှာခရစ်တော်သည်ရှာမာရိအမျိုးထဲသို့ သွားခြင်းဖြစ်ပါသည်။

ယခုအချိန်မှာတပါးအမျိုးသားတို့၏အချိန်ကာလပင်ဖြစ်သည်။ သူတခါမှ တပါးအမျိုးသားများကိုဖေါ်ပြခြင်းမရှိပါ။ သမ္မာကျမ်း စာထဲတွင် ရှာဖွေကြည့်ပါ။ လုံးဝမတွေ့ရပါ။သို့သော်လုကာတွင် ဂတိပေးထားသည်မှာ ဒုတိယအကြိမ်ြွကလာတော်မမူမှီကိုယ်တော်ရှင်အမှုပြုပါမည်။

သို့သော်လည်း ထိုနေရာတွင်သူထိုင်နေပါသည်။ ဂျူးကပြားတဦး ရောက်လာသည်။ အမျိုးသမီးတဦးပင် ဖြစ်ပါသည်။သူကသူမအားပြော သည်။ ‘အချင်းမိန်းမငါ့အားရေတခွက်ပေးပါ’ ဟူ၍ဖြစ်သည်။

သူမက ‘ဘာကြောင့်ရေတောင်းသောက်ရသနည်း။?’ ကျမတို့မှာ လူမျိုးကွဲပြားလျှက်ရှိပါသည်။ကိုယ်တော်သည် ဂျူးဖြစ်၍ကျမမှာရှာမာရိ အမျိုး ဖြစ်ပါသည်။ ‘ ဟုဆိုသည်။

ကိုယ်တော်က ‘သင်လည်း သင်စကားပြောနေသူမှာ မည်သူမည်ဝါဖြစ်ကြောင်း သိပါကသင်ကကျွန်ုပ်ကို ပြန်၍ရေတောင်း မည်ဖြစ်သည်’ ဟုဆိုသည်။ ကိုယ်တော်ရှင်ဘာလုပ်နေပါသလဲ? သူမ၏ဝိညာဉ်ကိုဆက် သွယ်နေခြင်းဖြစ်ပါသည်။ သူမ၏အခက်အခဲကို သိသည်နှင့်တပြိုင်နက်သူ မ၏ခင်ပွန်းကိုသွားခေါ်ခိုင်းပါသည်။ သူမက ခင်ပွန်းမရှိကြောင်း ပြော သည်။ ကိုယ်တော်က ‘သင့်ထံမှာ ခင်ပွန်း(၅)ယောက်ရှိခဲ့ပြီ’ ဟုပြန်ပြောပါသည်။

58 ၅၈။ ဖာရိရှဲများကသူ့အားတွေ့မြင်ကြသောအခါ ခြားနားသောမျိုးစေ့ သည် နှုတ်ကပတ်တော်အထဲ၌ ဖြစ်နေပါသည်။သူတို့ဘာပြောကြပါသနည်း? သူတို့က ‘ဤသူသည်ဗေလဇေဘုလတည်းဟူသောဗေဒင်ဆရာဖြစ်သည်။’ ဟုဆိုကြပါသည်။

ထိုမိန်းမမှာ ထိုသို့မစဉ်းစားပါ။ သူမက ‘သခင် ကိုယ်တော်ရှင်သည်ပရောဖက်တပါးဖြစ်ကြောင်း ကျမသိပါသည်။’ ဟုဆို သည်။ နှစ်ပေါင်း ရာနှင့်ချီ၍ သူတို့မှာပရောဖက်မရှိခဲ့ဘူးပါ။ ‘ကိုယ်တော်ရှင်ဟာ ပရောဖက် ဖြစ်ကြောင်းကျမသိပါတယ်။’ မေရှိယတည်းဟူသောခရစ်တော်ကြွလာတော်မူသောအခါ သူပြုလုပ်မည့်အရာပင်ဖြစ်ကြောင်း ကျွန်တော်တို့သိပါသည်။

ထိုအရာသည် ကိုယ်တော်ရှင်ပြုလုပ်ခဲ့သောအရာဖြစ်ခဲ့ပါက သူသည် မနေ့၊ ယနေ့အတူတူပင်ဖြစ်ပါသည်။ သူ့ကိုယ်သူ လူသိစေရန်ပြုလုပ်ခြင်းပင် ဖြစ်ပါသည်။ ယနေ့လည်း ထို့အတူပင်မဟုတ်ပါလား? ဟုတ်ကို ဟုတ်ရပါမည်။ ဤနေရာတွင် အမျိုးသမီးနှင့်အမျိုးသား တဖန်ပြန်လည် တွေ့ဆုံပြန်ပါသည်။ သူမသည်ထိုကဲ့သို့သော အမျိုးသမီးမျိုးမဟုတ်ပါ။ ကျွန်တော်လည်း ထိုကဲ့သို့သောလူသားတစ်ဦးမဟုတ်ပါ။ သို့သော်လည်း ထိုသန့်ရှင်းသောဝိညာဉ်တော်ကလည်းဤနေရာတွင်ရှိပါသည်။ ကိ်ုယ်တော် ရှင်ပြုတော်မူသော အမှုကိုလည်း ဂတိပေးတော်မူပါသည်။လူသားကိုဖေါ် ပြတော်မူမည့်နေ့ရက်များတွင်လည်း အလားတူပင်ဖြစ်ပါသည်။

59 ၅၉။ သင့်ကိုမသိပါ။(အမှန်ဖြစ်ကြောင်း သင်လည်းသိပါသည်။)ကျွန် တော်တို့မှာ လူစိမ်းများဖြစ်ကြပါသည်။သင်သည် ဤနေရာတွင်ရပ်နေပါ သည်။ သင်တခုခုအမှားအယွင်း ဖြစ်နိုင်ပါသည်။ဘာမှမရှိသည်လည်း ဖြစ်နိုင်ပါသည်။ ကျွန်တော်မသိပါ။ သခင်ယေရှုက ကျွန်တော့်အားဖေါ်ပြမည်ဆိုလျှင် သင့်အတွက်မည်သည့်အခက်အခဲဖြစ်နိ်ုင်မည်နည်း? ဘုရားသားတော်ဖြစ်ကြောင်း သင်ယုံကြည်မည်လား? လူသားမဟုတ်ပါ။ ဘုရားသခင်အသုံးပြုသောဗိမာန်တော်ပင်ဖြစ်ပါ သည်။ မည်သူကိုမဆို ကိုယ်တော် ရှင်အသုံးပြုနိုင်ပါသည်။ ကြီးမြတ်တော်မူသော ကျေးဇူးတော်နှင့် ရွေးချယ် တော်မူခြင်း အားဖြင့်ကိ်ုယ်တော်ရှင်က ပြုလုပ်ခဲ့ပါသည်။ သို့သော်လည်း သင်ယုံကြည်ပါသည်။ ယုံကြည်ပါသလား?(အမျိုးသမီးတဦး က အာမင် ဟုဆိုသည်။ - အယ်ဒီတာ)

ပရိသတ်ထဲမှလူဘယ်နှစ်ယောက်ယုံကြည်ပါသနည်း?အလင်းများရှေ့တွင် ကျွန်တော်တို့နှစ်ဦးရပ်နေပါသည်။ ဤလောက တွင် တခါမှဆုံခဲ့ကြခြင်းမရှိပါ။ ထိုအမျိုးသမီးမည်သူဖြစ်သည်ကိုလည်း မသိကြပါ။ သူမဘာဖြစ်သည်။သူမဘယ်နေရာမှ လာသည်။ ဘာအလိုရှိသည် စသည်တို့ ဖြစ်ပါသည်။ ကျွန်တော်သူမကိုတခါမှမမြင်ခဲ့ဘူးပါ။ ကျွန်တော်ဘာလုပ် ရန်ကြိုးစားနေသည်ကို ကြည့်ပါ။ထိုခြားနားသောမျိုးစေ့ကို သင့်ထံမှယခု အခါတွင် ဖယ်ရှားပစ်လိုက်ပါ။နှုတ်ကပတ်တော်ကို လူ့ဇာတိအဖြစ်ခံယူရ မည်ဖြစ်ကြောင်း ယုံကြည်ပါ။ ကျွန်ုပ်တို့အလယ်တွင်ကျိန်းဝပ်တော်မူပါ သည်။ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာတွင်အသက်ရှင်တော် မူ၍ ဘုရားသခင်ကျိန်းဝပ်တော်မူကြောင်း ဖေါ်ပြတော်မူပါသည်။

60 ၆၀။ ယခုအခါတွင်သူမအားကိုယ်တော်ရှင်ချပေးတော်မူပါစေ။သူမ သည်တန်ဘိုးရှိသောကြောင်းအရာကို အလိုရှိပါသည်။ သူမတွင် ကလေးမ ရှိပါ။ ကလေးလိုချင်နေပါသည်။ သူမအသက်(၄၀)ခန့်ရှိပါပြီ။ထိုအရာမှာ အမှန်တကယ်ပင်ဖြစ် နိုင်ပါသည်။

ကလေးမရသောမိန်းမများအားလုံးအပေါ်သို့တက်လာပါသည်။ ကိုယ်တော်ရှင်က သူတို့အားသားသမီးပေးပါသည်။ သိသောသူများလက်မြှောက်ပြပါ။ တနေ့ကမိန်းကလေးတစ်ဦးကို ကျွန်တော်မြှောက်ပြပါသည်။ ဤနေရာမှမထွက်ခွာမီတနင်္ဂနွေနေ့က ဖြစ်ပါသည်။ တနင်္ဂနွေနေ့လည် ဖြစ်ပါသည်။ သူမ၏မိခင်မှာကလေးမရနိုင်အောင်ဖြစ်ပါသည်။ ကိုယ်တော် ရှင်မိန့်တော်မူသည်နှင့် မိန်းကလေးမှာချစ်စရာအကောင်းဆုံးကလေးဖြစ် ၍ဘုရားသခငပေးသောကြောင့်ရရှိခြင်းဖြစ်ပါသည်။သူမဘယ်နေရာတွင် ရောက်နေပါသနည်း?ဤနေရာမှာပင် ရှိနေပါသည်။ မိခင်မှာလည်း ထိုနေရာတွင် ရှိနေပါသည်။ ဤနေရာမှာထိုမိန်းကလေးကိုယ်တိုင်ရှိနေပါ သည်။ တွေ့ပါသလား? သူမသည် ဘုရားသခင်ထံမှ နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။

ကိုယ်တော်ရှင်ကိုသင်၏စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ပါသလား?သင့်အတွက်ရရှိသော ကောင်းချီးမင်္ဂလာကို သင်ယုံကြည် ပါသလား? ဘုရားသခင်အဖြေပေးနေသည်ဟု ခံစားရပါသလား? သင့်အမည်ဘာဖြစ်ကြောင်း ဘုရားသခင်ကကျွန်တော့်ကိုပြောပြပါက ကလေးကိုအမည်ပေး နိုင်ပါမည်။ သင်ယုံနိုင်ပါသလား? Mrs. Thampson ခင်ဗျားအိမ်ပြန်ပြီးက လေးရနိုင်ပါသည်။ စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ပါက ဖြစ်နိ်ုင်ပါသည်။

61 ၆၁။ သင့်စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ပါသလား? ယုံကြည်ခြင်းသာရှိပါ။သံသယမဖြစ်ပါနှင့်။ ဘုရားသခင်ကိုသာ ယုံကြည်ပါ။ ဘုရားသခင် သည် ဘုရားဖြစ်ပါသည်။

နေကောင်းပါရဲ့လားဆရာ? ကျွန်တော်တို့မှာ တဦးနှင့်တဦးမသိ ကြပါ။ခင်ဗျားကိုတကြိမ်တည်းသာ မြင်ဘူးခြင်းဖြစ်၍ ဤနေရာသို့လာ သောအချိန်တွင်သာ ဖြစ်ပါသည်။ခင်ဗျားသည် ဘရာသာရှကာတန် ၏ညီ လေးဖြစ်ပါသည်။ ဘရာသာ မာရာဂင်ဆိုတာအဆိုကျော်ပင်ဖြစ်ပါ သည်။ ဆုတောင်းသည့်လိုင်းထဲသို့ သွားကြောင်းတွေ့ရပါသည်။လူစိမ်းတစ်ဦးဖြစ် သဖြင့် ကျွန်တော်သည်လမ်းကြောင်းတိုင်းတွင် လူစိမ်းဖြစ်နေပါသည်။သခင်ယေရှုက ကျွန်တော့်ကိုတစုံတခုပြောပါက၊ သင့်ကိုပေးသည့်အရာကို ပြောပြပါကသင်ဘာလိုသည်ကို ငါ့ကိုပြောပါ။ ကိုယ်တော်ရှင် သင့်အားပေး နှင့်ပြီးဖြစ်သည်။ယုံကြည်ရန် အတွက် လုံလောက်သော တခုတည်းသော အရာပင်ဖြစ်ပါသည်။

ဘယ်နှစ်ယောက်ထိုအရာကို နားလည်ပါသနည်း? သင်တောင်း သောဆုကိုရရန်လုံလောက်သော ယုံကြည်ခြင်းပင်ဖြစ်ပါသည်။

62 ၆၂။ ဤအရာပေါ်သက်ရောက်လာပြီးတခုခုကို လိုထားပါကသင်၏ အလိ််ုဆန္ဒကို ကိုယ်တော်ရှင်အားပြောပြပါ။ သင်၏ဆန္ဒကိုကျွန်တော်မသိ ပါ။ ၎င်းအရာကို လုပ်ကိုင်ဆောင်ရွက်နေသောတစုံတခုရှိရပေမည်။နှုတ်ကပတ်တော်အရ အမှုပြုရန်ကိုယ်တော်ရှင် ဂတိပေးတော်မူပါသည်။ လူတို့၏စိတ်နှလုံးအကြံအစည်ကို သိတော်မူပါသည်။ဟုတ်ပါသလား? ဟုတ်ပါသည်။

သင်သည်အနာရောဂါငြိမ်းစေလိုသောဆန္ဒရှိပါသည်။ သင်အ မှန်တကယ်ပင်စိတ်လှုပ်ရှားလျှက်ရှိပါသည်။ မှန်ပါသည်။ သင့်ထံမှာ ကြောရိုးအနာရှိပါသည်။ ထိုအနာမှာပြင်းထန်လှပါသည်။ ခွဲစိတ်ကုသမှု ပင်ခံယူခဲ့ရပါသည်။ ဘုရားသခင်မိန့်တော်မူသည်မှာဟူ၍ပင်ဖြစ်ပါသည်။ မှန်ပါသည်။ နောက်တခုမှာသင်အလွန်အမင်းလိုလားသောအရာ ဖြစ်ပါ သည်။ သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံဖြစ်သည်။ဒီကိုလာခဲ့ပါ။

ကိုယ်တော်ရှင်အဖ၊သခင်ယေရှု၏နာမတော်မြတ်၌ ဤလူကိုဝိညာဉ်တော်နှင့် ပြည့်ဝပါစေ။ လိုအပ်သောအရာများပြည့်စုံပါစေ။ ယေရှုနာ မ၌ ဆုတောင်းပါသည်။ အာမင်။ ဟုလက်ခံရရှိပါသည်။ ညီအစ်ကို 'ယုံကြည်ပါ' သံသယမဖြစ်ပါနှင့်။

63 ၆၃။ နေကောင်းပါရဲ့လား? ကျွန်တော်သိရသလောက်ဆိုလျှင်ကျွန်တော်တို့မှာ တဦးနှင့်တဦး စိမ်းနေကြပါသည်။ ဤအကြောင်းမှန်ပါက လူအများကသိကြပေမည်။ လက်မြှောက်ပြပါ။ သို့မှသာ ကျွန်တော်တို့မသိ ကြကြောင်း လူသိပေမည်။သူမကိုတခါမှမတွေ့ခဲ့ဘူးပါ။ သူမကလည်း ကျွန်တော်ကို မတွေ့ဘူးပါ။ ကောင်းကင်ဘုံရှင်အဖကသိပါသည်။ သူမကို ကျွန်တော်မသိသော်လည်း နှုတ်ကပတ်တော်က ရှိနေပါသည်။ ခင်ဗျားဘာ လဲ? ခင်ဗျားမည်သူမည်ဝါဖြစ်ကြောင်းဤနေရာသို့ဘာကြောင့် ရောက် လာကြောင်း ဘာမှသင့်အကြောင်း မသိရပါ။ တခုမှမပြောပြနိုင်ပါ။

ဆုကျေးဇူးပင်ဖြစ်ပါသည်။ခုနကရှင်းပြသည်ကို သင်ကြားရပြီး ဖြစ်ပါသည်။ ရှေ့တိုးပါ။ ကိုယ်တော်ရှင်ဘာပြောသည်ကိုနားထောင်ပါ။ ကျွန်တော်တွေ့သည့်အရာကို ပြောပြနိုင်ပါသည်။ ကိုယ်တော်ရှင်မပြောသည့်အရာကို ကျွန်တော်ပြောမပြနိုင်ပါ။ ကျွန်တော်အတွင်း၌ ကျွန်တော်ဖာသာ ပြောနေမိပါသည်။မှားနိုင်ပါသည်။ သို့သော်လည်း ကိုယ်တော်ရှင်မိန့်တော် မူပါက လုံးဝမှန်ကန်ပါသည်။ဘယ်သောအခါမှ မမှားနိုင်တော့ပါ။ ဘုရား ဖြစ်နေသမျှကာလပတ်လုံးဘယ်သောအခါမှမမှားတော့ပါ။ ရှင်းပါရဲ့လား?အကြောင်းမှ ဘုရားသခင်မမှားနိုင်သောကြောင့် ဖြစ်ပါသည်။

64 ၆၄။ သင်ဘာကိုလိုချင်ကြောင်း ဘုရားသခင်က ကျွန်တော့်ကို ပြောပြနိုင်ပါက၊ သင်ဤနေရာသို့ ဘာကြောင့်ရောက်နေ ကြောင်း၊ သင်ဘာလုပ်ခဲ့ ကြောင်း (သို့) ထိုကဲ့သို့သော အကြောင်းတခုခု၊(သို့) သင်မည်သူမည်ဝါ ဖြစ်ကြောင်း၊ မည်သည့် နေရာမှလာကြောင်း၊ (သို့) ကိုယ်တော်ရှင်ကျွန်တော်အားဘာပြောလိုကြောင်းသင်ယုံကြည်ပါသလား။?ကျေးဇူးတင်ပါသည်။

သင်၏ခြေထောက်နှင့်ပတ်သက်၍သင်ရောဂါခံစားနေရပါ သည်။ (အမျိုးသမီးက 'ဟုတ်ပါသည်။' ဟုဆိုသည်။ အယ်ဒီတာ) မှန်ပါသည်။ လက်မြှောက်..... ခင်ဗျားထဲမှာအမျိုးသမီးရောဂါရှိပါသည်။ (ဟုတ်ပါသည်) သင့်စိတ်ထဲတွင်အလွန်ကြီးမား သော ဆန္ဒရှိပါသည်။ အကြောင်းမှာ သင့်စိတ်ထဲတွင် တစုံတဦး(သို့)တစုံတရာကို ဆုံးရှုံးထားပါသည်။ ယောကျာ်းက လေးဖြစ်၍ ထိုကလေးမှာအိမ်မှထွက်ပြေးသွားခြင်း ဖြစ်ပါသည်။ သူပြန်လာရန် ခင်ဗျားဆုတောင်းပေးစေချင်၍ဖြစ်ပါသည်။ ဟုတ်ပါသည်။

ကောင်းကင်ဘုံ၌ရှိတော်မူသောအဖ သူမ၏သားငယ်ကိုသူမထံ သို့ပြန်လည်ပို့ပေးတော်မူပါ။ ယနေ့ညလမ်းပေါ်တွင်ရှိ နေသော လူငယ်ကလေးအားဟန့်တားတော်မူပါ ဝိညာဉ်တော်ဘုရား။ သူ၏မိခင်ထံသို့ ပြန် လည်၍ပို့ဆောင်တော်မူပါ။ သခင်ယေရှု၏နာမတော်မြတ်၌ ဆုတောင်းပါ သည်။ အာမင်။

ကိုယ်တော်ရှင်တည်းဟူသောသိမြင်တော်မူသောအရှင်က သင့် ထံသို့ သားငယ်ကို ပြန်လည်၍စေလွှတ်ပါမည်။ စိတ်မပူပါနှင့်။ ယခုယုံကြည်ပါ။ သံသယမဖြစ်ပါနှင့်။ စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ပါ။သင်ယုံကြည်ပါက ဤအရာများကိုဘုရားသခင်က သင့်အတွက် ချပေးပါမည်။

65 ၆၅။ ပိုင်းခြားနားလည်နိုင်ခြင်းသုံးလေးခုသာမက ဘာဘဲဖြစ်ဖြစ် ကြည့်ပါ။ ကျွန်တော်ရှင်းမပြတတ်ပါ။ ရှင်းပြရန် နည်းလမ်းလည်းမရှိတော့ပါ။ (၄၅)မိနစ်ထက်ပို၍ ဟောပြောပါကလည်း ပိုဆိုးသည်ဟုထင်ပါသ လား? (၃)နာရီကြာပါသည်။ထိုထက်ပို၍ ကြာမည်မဟုတ်ပါ။

သခင်ယေရှု၏ဝတ်ရုံတော်ကို အမျိုးသမီးတဦးကတို့ထိလိုက်ပါ သည်။ ကျွန်တော့်ကိုတော့ လူအများကတို့ထိခြင်းမရှိပါ။ ဤအမျိုးသမီးလည်း လုပ်နိုင်ပါသည်။ (ဘရာသာဗရမ်ဟမ် ကအမျိုးသမီးအား 'ကျွန်တော့်ကို လက်နှင့်ထိထားပါ။' ဟုဆိုသည်။ အယ်ဒီတာ) သူမကကျွန်တော်ကိုတို့ ထိထားပါသည်။ သူမက ကျွန်တော့်ကိုတို့ထိထားရပါသည်။ ကျေးဇူးတော်အားဖြင့်ကျွန်တော်သည်တွေ့မြင်ရသည့်အရာကို ပြောခြင်းဖြစ်ပါသည်။ သူမသည် ကျွန်တော့်ကိုတို့ထိထားခြင်းမှာ ကျွန်တော့်အားဖြင့် သခင်ယေရှုကို တို့ထိထားခြင်းပင်ဖြစ်ပါသည်။သူမက သခင်ယေရှု၏ဝတ်ရုံကိုတို့ ထိထားပါသည်။ ၎င်း နောက် ထွက်သွားပြီးထိုင်နေပါသည်။ ကိုယ်တော်ရှင်က 'မည်သူငါ့ကိုတို့ထိသနည်း' ဟုမေးပါသည်။

တမန်တော်များက ဆိုကြပါသည်။ 'လူတိုင်းကိုယ်တော်ကို တို့ထိ ကြပါသည်။ကိုယ်တော်ဘာကြောင့် ထိုသို့ပြောရသနည်း?' ကိုယ်တော်က 'ငါ့ထံမှတန်ခိုးထွက်သည်ကိုငါသိသည်။' ဟုဆိုပါသည်။

မည်သို့တန်ခိုးထွက်ကြောင်း သင်သိပါသနည်း? ခွန်အားဖြစ်ပါသည်။ အမျိုးသမီးတဦးသူ့အားတို့ထိခြင်းအားဖြင့် သူ့ခွန်အားလျော့ကျသွားသကဲ့သို့ ခံစားရပါသည်။ကိုယ်တော်ရှင်သည် ဘုရားသားတော်ဖြစ်ပါ သည်။ ကျွန်တော်ကဲ့သို့သောအပြစ်သားအနေနှင့်မည်သို့ဖြစ်ပါသနည်း? ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရသောအပြစ်သားဖြစ်ပါသည်။ ထို ထက်ပိုကြောင်းသင်မည်သို့သိမည်နည်း? အကြောင်းမှာကိုယ်တော်ရှင် မိန့်တော်မူသည်မှာ ငါပြုသောအမှုထက် သာ၍ကြီးအမှုတို့ကို သင်ပြုကြပေလိမ့်မည်။ အကြောင်းမှာ ငါ့ခမည်းတော်ထံသို့ ငါသွားသောကြောင့်ဖြစ်ပါသည်။ဟုဆိုထားပါသည်။ 'ပို၍ကြီးသော' ဟုဆိုထားပါသည်။ သို့သော် မှန်ကန်သောဂရိဘာသာစကားအနက်ဖွင့်ဆိုခြင်းအရ 'ဤအရာထက်ပင်သာ၍သင်ပြုနိုင်မည်' ဟုဆိုထားခြင်းဖြစ်ပါသည်။

66 ၆၆။ ကျွန်တော်မသိသောအမျိုးသမီးဖြစ်ပါသည်။ သူမအကြောင်းကိုလည်း ကျွန်တော်ဘာတခုမှမသိရပါ။ အခြားသူများကဲ့သို့သူမသည်ကျွန် တော်နှင့်လုံးဝစိမ်းနေပါသည်။ အခြားသူများလည်း သိပါသည်။ လူစိမ်းများဖြစ်ပါက လက်မြှောက်ပြပါ။ ဘုရားသားတော်မှာလည်း ထိုကဲ့သို့ပင် ရေ တွင်းနားတွင်အမျိုးသမီးတဦးကို ခေတ္တတွေ့ဆုံခိုက်တွင် ကိုယ်တော်ရှင်က သူမ၏ပြဿနာကိုသိပါသည်။သူမ၏ပြဿနာကိုလည်းပြောပြပါသည်။ ထိုအခါ သူမကသူ့အား မေရှိယဖြစ်ကြောင်းသိသွားပါသည်။ယခု.... ခင်ဗျားကျွန်တော့်ကိုတို့ထိပြီး ကျွန်တော်ကလည်း ခင်ဗျားကိုတို့ထိပါသည်။ ဘာမှဖြစ်မလာပါ။ ကျွန်တော်၏ယုံကြည်ခြင်း(ဆုကျေးဇူးအားဖြင့်) နှင့် ခင်ဗျား၏ယုံကြည်ခြင်း (၎င်းကိုယုံကြည်ခြင်းအားဖြင့်)သည်ကိုယ်တော်ကို တို့ထိနိုင်ပါက ကျွန်တော်တို့အားဖြင့် ကိုယ်တော်ရှင်ဟောပြောနိုင်ပါသည်။ ကျွန်ုပ်အားဖြင့် သင့်ကိုဖြစ်၍ ုပခုမေ မြို့ရေတွင်းနားတွင်ကိုယ်တော်ရှင်ရှိသကဲ့သို့ပင်ဖြစ်ပါသည်။ ကိုယ်တော်သည် မနေ့၊ ယနေ့နှင့် ထာဝရကာလအတူတူပင်ဖြစ်ပါသည်။ ခင်ဗျားယုံကြည်ပါသလား?

သင့်ထံမှာအခက်အခဲများစွာရှိပါသည်။အတိုက်အခိုက်ခံရခြင်း လည်းများစွာရှိပါသည်။ စိတ်ရှုပ်ထွေးခြင်းလည်း များစွာရှိပါသည်။ သင်ဆု တောင်းခံလိုသောအရာများထဲမှ အဓိကအကြောင်းအရာတခုမှာကိုယ်လက်ကိုက်ခဲသည့်ရောဂါအ တွက်ပင်ဖြစ်ပါသည်။ မှန်ပါသည်။ တကယ်မှန် ပါရဲ့လား? ကိုယ်လက်ကိုက်ခဲခြင်းကြောင့်သင်သည်တောင့်တင်းနေပါသည်။ လက်ကိုမြှောက်ပါ။

67 ၆၇။ ဖြည်းညှင်းစွာလျှောက်လှမ်းပါ။ကျွန်တော်အကောင်းဆုံး သတိရ မိပါသည်။ (၁)မိနစ်ခန့်ကြာ စောင့်ဆိုင်းပါ။ တစုံတခုပြောသည်ကိုစောင့်ဆိုင်းရန်ဖြစ်ပါသည်။ သင်ခံစားရပါမည်။ သင်သိသောသူများမှာ လေတိုက် ၍ဆန့်ကျင်သကဲ့သို့ ဖြစ်ပါသည်။ သူတို့ကပြောဆိုသည်မှာ 'သူကစဉ်း စားပါသည်။' ထိုသို့ပင်ဖြစ်ကြောင်းသင်သိပါသည်။

သင်သည် လူကောင်းတစ်ဦးနှင့် တူပါသည်။ကျွန်တော်နှင့်ခဏ စကားပြောပါအုန်း။ ဤနေရာတွင်ခဏရပ်နေကြပါစို့။ အကြောင်းမှာသင့်စိတ်နှလုံးထဲတွင် ဘုရားသခင်ကိုဆာငတ်သောသဘောရှိသောကြောင့် ဖြစ်ပါသည်။ သင့်ဆုတောင်းချက်ကို

ကျွန်ုပ်မဖြေနိုင်ပါ။ သို့သော်လည်း ကိ်ုယ် တော်ရှင်က ဖြေဆိုနိုင်ပါသည်။သင်ယုံကြည်ပါက အဖြေရပြီးသားဖြစ်ပါ သည်။ သင်ယုံကြည်လိုပါက သင့်ကိုယုံကြည်အောင်ပြုလုပ်နိုင်ပါသည်။ ဤနေရာတွင်မရှိသော မိမိ၏သွေးသားချစ်ခင်သူနှင့်ပတ်သက်၍ ဤနိုင်ငံတွင်း၌ပင် မရှိပါ။ အကိုတစ်ဦးကိုဆိုလိုခြင်း ဖြစ်ပါသည်။ရေကန်များလု သောစိုစွတ်သည့်နိုင်ငံ တနိုင်ငံတွင် သူရှိနေပါသည်။ မီရှီကန်တွင်ဆိုကြပါစို့။.... မီရှီကန်တွင် ရှိနေပါသည်။ သူခံစားနေရသောရောဂါမှာ အသက်အန္တာရာယ်စိုးရိမ်ဖွယ်ရာဖြစ်သည့် ကျောက်ကပ်ရောဂါပင်ဖြစ်ပါ သည်။ မှန်ပါသလား? ငါအမှန်တကယ်ဆိုသည်ကား ဟုတ္တ၍ပင်ဖြစ်ပါသည်။သင့်လက်ထဲတွင်ရှိသော လက်ကိုင်ပုဝါကိုကိုင်မြှောက်၍သင်အစ်ကိုထံသို့ပို့လိုက်ပါ။ သံသယမဖြစ်ပါ နှင့်ဟု သူ့ကိုပြောပါ။ယုံကြည်စေလိုပါသည်။ သူယုံကြည်ပါက သူ၏အနာရောဂါငြိမ်းပါမည်။

68 ၆၈။ သင်စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ပါသလား? သင်ယုံကြည်ပါကလုပ်ရန်တခုတည်းသာရှိပါသည်။ လုံးဝလက်ခံရန် ပင်ဖြစ်ပါသည်။ မှန်ပါသလား?

သင်ကယခုဆိုပေမည်။ 'ကိုယ်တော်ရှင်သည်အခြားသောသူများ ကိုကြည့်နေပါသည်။ သူလုပ်နေသောအရာပင် ဖြစ်ပါသည်။ သူတို့ကို ကြည့်နေခြင်းဖြစ်ပါသည်။ သင်သဘောပေါက်လိမ့်မည်။

သင်ဤအကြောင်းအရာကို သိမည်မဟုတ်ပါ။ဤအမျိုးသမီးကြီးမှာ ဤလမ်းအတိုင်းတက်လာပါသည်။ လူနာအမျိုးသမီးဖြစ် ပါသည်။ အခြားမည်သူဖြစ်သူဖြစ်၍ ကျွန်တော်သူမကိုသာ ကြည့်နေခြင်းမဟုတ်ပါ။ ဘုရားသခင်ကကျွန်တော့်အား ဖော်ပြနိုင်သည်ကို သင်ယုံကြည်ပါသလား? ယုံကြည်လျှင် လက်မြှောက်ပါ။ အမျိုးသမီးလူနာကိုဆိုလိုခြင်းဖြစ်ပါသည်။ သင့်စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ပါက ရက်ကြပ်ပန်းနာရောဂါမှာသင့်ကို လုံးဝဒုက္ခပေးတော့မည်မဟုတ်ပါ။ အိမ်ပြန်ပါ။ အနာရောဂါငြိမ်းစေခြင်း ကိုယခုအခါမှစ၍ လုံးဝယုံကြည်ပါ။

69 ၆၉။ ကြည့်ပါ။ဤနေရာတွင်ရှိပါသည်။ သင်ဤနည်းလမ်းအတိုင်း ကြည့်ပါ။ ဘာဘဲဖြစ်ဖြစ်ရှုပါရုံကိုတွေ့ရပါသည်။ အာမင်။ သင်မတွေ့ဘဲနေ ပါသလား? ဘုရားသခင်အပြစ်ကင်းစင်သကဲ့သို့ သင်အပြစ်ကင်းစင်ပါ သည်။

သင်လည်း ယုံကြည်ပါရဲ့လား? ရင်ကြပ်ပန်းနာပျောက်ကင်းနိုင် သည်မဟုတ်ပါလား? သင်ယုံကြည်ပါသလား။ ကောင်းပြီ။ သွား၍သခင်ယေရှုအား သင်ယုံကြည်သည်ဟုပြောပါ။

တနေ့သောအခါတွင်ကိုယ်လက်ကိုက်ခဲခြင်းကြောင့် သင်သည် တောင်ဝှေးအားပြု၍သွားရမည့်အချိန်ရောက်လာပေမည်။သို့သော်လည်း ထိုကဲ့သို့ မဖြစ်စေရပါ။ မဖြစ်စေရဟု ယုံကြည်သည်မဟုတ်ပါလား? သင် ရောပျောက်ကင်းပြီဟုလုံးဝယုံကြည်ပါသလား? သွားစရာလမ်းကိုသွားပါ တော့။ သခင်ယေရှုခရစ် သင့်ရောဂါကိုပျောက်ကင်းစေပါပြီ။

နှလုံးရောဂါကြောင့်လူအများအသက်ဆုံးရှုံးရပါသည်။ သို့သော် လည်း သင်မသေရပါ။ ဘုရားသခင်က သင့်အတွက်အနာရောဂါငြိမ်းစေပြီးကျန်မာရေးရမည်ဟု သင်ယုံကြည်ပါသလား? သင့်စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ပါ။စိတ်နှလုံးထဲမှ လည်း ကျွန်တော်တို့အတွက် ဆုတောင်းနေပါ သည် ဟုဆိုပါ။

70 ၇၀။ သင်အင်္ဂလိပ်စကားပြောတတ်ပါသလား? သင်အင်္ဂလိပ်စကား နားလည်ပါသလား? (ဘာရာသာဗရမ်ဟမ် က 'တစုံတဦးလာပါ' ဟုခေါ်သောအခါစကားပြန်တဦးရောက်လာပါသည်။)ကောင်းပြီ။ သူမကိုပြောသော စကားကိုသူမအားပြန်ပြောပြပေးပါ။ သူမယုံကြည်ပါက အစာအိမ်ရော ဂါပျောက်ကင်းလိမ့်မည်ဟုပြောပါ။သူမယုံကြည်ပါသလား? ခါးနာရောဂါပျောက်ကင်းလိမ့်မည်။ ရောဂါပျောက်ပြီး လမ်းပေါ်တွင်လျှောက်သွားနိုင် ပါသည်။သင်ဘယ်လိုနေပါသလဲ? ယုံကြည်ပါသလား? (သူမက 'မှန်ပါသည်ဆရာ' ဟုဆိုပါသည်။ အယ်ဒီတာ)

ထိုနေရာမှာခါးနာရောဂါဖြင့်ထိုင်နေသူတစ်ဦးက ထိုသို့ကျွန်တော် ပြောသောအခါ ကျွန်တော့်ကိုကြည့်နေပါသည်။သူ့အနာရောဂါပျောက်ကင်းနိုင်ပါသည်။ သင်ယုံကြည်ပါက အားလုံးကောင်းမွန်သွားမည်ဖြစ်ပါသည်။

သင့်ဘေးနားမှ အမျိုးသမီးမှာလည်းပင်းရောဂါဖြစ်နေပါသည်။ ဟုတ်တယ်မဟုတ်လားအမျိုးသမီး? ဘုရားသခင် ပေးပျောက်နိုင်သည်ကိုယုံပါသလား? ကလေးငယ်၏ဒူးပေါ်သို့လက်တင်၍ဆုတောင်းလိုက်ပါ။ သူ၏အနာရောဂါ လည်းပျောက်ကင်းနိုင်ပါသည်။ သင်ယုံပါသလား? ခင်ဗျားမှာ အမျိုးသမီးရောဂါရှိပါသည်။ယခုမရှိတော့ပါ။ သင့်ယုံကြည်ခြင်း က သင့်ကိုအနာရောဂါငြိ်မ်းစေပါပြီ။ သင့်ကိုလုံးဝပျောက်ကင်းသွားစေပါပြီ။

71 ၇၁။ သင်သည်သခင်ယေရှုခရစ်တော်ကိုမနေ့၊ ယနေ့နှင့်ထာဝရကာ လအတူတူပင်ဖြစ်ကြောင်း ယုံကြည်ပါသလား? တဦးပေါ်သို့တဦးလက် တင်ဆုတောင်း၍ယုံကြည်ခြင်းဖြင့် တဦးစီအတွက်ဆုတောင်းကြပါစို့။

ကိုယ်တော်ရှင်အဖ၊ ကျွန်တော်တို့မှာကိုယ်တော်ရှင်၏ကျိန်းဝပ် တော်မူခြင်းအားဖြင့် ဖုံးအုပ်လျှက်ရှိပါသည်။ ကိုယ်တော်ရှင်သည်ပရိသတ် အကြားလှုပ်ရှားသွားလာတော်မူ၍ နေရာတိုင်းတွင် အနာရောဂါကိုငြိမ်း စေပါသည်။ကိုယ်တော်ရှင်သည် ဘုရားဖြစ်တော်မူပါသည်။ ဤပရိသတ် အားလုံးကိုအနာရောဂါငြိမ်းစေပါမည့်အကြောင်း ဆုတောင်းပေးပါသည်။ သူတို့၏ စိတ်နှလုံးများထဲသို့ ဘုရားသခင်၏အသက်သန့်ရှင်းလတ်ဆတ်စွာ ဆင်းသက်ပါစေ။ အချိန်မရှိတော့ကြောင်းသူတို့ကို သိစေပါ။အချိန်အတန်ကြာ ကျွန်တော်တို့ ဤနေရာတွင်ရှိနေကြပြီး မကြာမီကိုယ်တော်ရှင် နှင့်အတူရှိနေကြမည်ဖြစ်ပါသည်။ ကိုယ်တော်ရှင် ရှိနေတော်မူခြင်းအားဖြင့် လူတိုင်းကို အနာရောဂါငြိမ်းစေတော်မူပါ။

စာတန်ကိုမောင်းထုတ်ပါသည်။စာတန်၏လှုပ်ရှားမှုအားလုံးကို လည်းမောင်းထုတ်ပစ်ပါသည်။ သခင်ယေရှု၏နာမတော်မြတ် ၌စာတန် လူများအကြားမှထွက်လာပါ။

ကိုယ်တော်ရှင်ကိုယုံကြည်သူများနှင့်ကိုယ်တော်ရှင်၏အနာရောဂါငြိမ်းစေခြင်းကို လက်ခံသူများ မတ်တပ်ရပ်၍ပြောပါ။ 'အနာရောဂါငြိမ်းစေမည်ဟုယုံကြည်ပြီးမတ်တပ်ရပ်ပါသည်' သင်၏အခြေအနေအမျိုးမျိုးရှိနေသော်လည်း သင်အမှန်တ ကယ်ယုံကြည်လက်ခံပါက မတ်တပ်ရပ် ပြပါ။လက်များကိုမြှောက်၍ပြောပါ။ 'ကျေးဇူးတင်ပါသည်။ကိုယ်တော်ရှင်ဘုရား ကျွန်တော့်ကိုအနာရောဂါငြိမ်းစေသည့်အတွက် ကျေးဇူးတင်ပါသည်' ဘုရားသခင် သင်နှင့်အတူရှိတော်မူပါစေ။

www.messagehub.info

ဒေသနာ ဝေငှသူ

ဝီလီယမ်မာရီယမ် ဗရမ်ဟမ်

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)